# ကြေးမုံ
## The Mirror Daily
Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**လောကကို ထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)


၁၃၈၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်၊ စနေနေ့။ Saturday, 11 October 2025 ၁၁၉၆၇


## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး။

၃။ နိုင်ငံတော် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာ လျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရေး။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)အနီး တည်ဆောက်လျက်ရှိသည့် Shopping Complex လုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ့သားကောင်းအဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)နှင့် Shopping Complex တည်ဆောက်ရေးလုပ်ငန်းခွင်တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၁၀**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ခရီးစဉ်တွင်လိုက်ပါလာသည့် ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး


**စာမျက်နှာ ၃ ကော်လံ ၁ သို့** ☆





ကြေးမုံ

# မူးယစ်ဆေးဝါးအန္တရာယ်ဝိုင်းဝန်းကာကွယ် အမျိုးသားရေးတာဝန်ဖြင့်တိုက်ဖျက်

မူးယစ်ဆေးဝါးအန္တရာယ်သည် ရှေးကာလများကတည်းက လက်ရှိအချိန်အထိ အသွင်အမျိုးမျိုး၊ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ကမ္ဘာတစ်ဝန်းအန္တရာယ်ပြု ခြိမ်းခြောက်နေသည့် ပြဿနာတစ်ရပ်ဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ် လူငယ်များအပါအဝင် လူသားမျိုးနွယ်တစ်ရပ်လုံးကို အန္တရာယ်ပြု ခြိမ်းခြောက်နေသည့် မူးယစ်ဆေးဝါးသယ်ဆောင် ရောင်းဝယ်ဖောက်ကားမှုများအား ထိရောက်စွာကာကွယ်တားဆီးနိုင်ရေးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ အရှိန်အဟုန်မြှင့်တင် တိုက်ဖျက်လျက်ရှိသည်။

မူးယစ်ဆေးဝါး ထုတ်လုပ်ရောင်းချ သယ်ဆောင်ရောင်းဝယ်ဖောက်ကားမှု လုပ်ငန်းများကို မည်သူတို့က မည်သည့်အတွက်ကြောင့် မည်သို့လုပ်ကိုင်နေကြသည်ကို များသောအားဖြင့် သိရှိထားကြသည်။ လူသားမျိုးနွယ်တစ်ရပ်လုံးကို အန္တရာယ်ပေးနေသော မူးယစ်ဆေးဝါးအန္တရာယ်ကို ခေတ်အဆက်ဆက်အစိုးရများက စစ်ဆင်ရေး အမျိုးမျိုးအပါအဝင် ထိရောက်စွာတိုက်ဖျက်နှိမ်နင်းလျက်ရှိသည်။ သို့သော် မူးယစ်ဆေးဝါးအန္တရာယ်သည် ပျောက်ကွယ်ခြင်းမရှိဘဲ ဆက်လက်ကြီးထွားနေသည်မှာ မူးယစ်ဆေးဝါးမှရရှိသည့် အကျိုးအမြတ်ကြီးမားခြင်းနှင့် ရရှိသည့်အကျိုးအမြတ်များဖြင့် ၎င်းတို့၏ မကောင်းမှုရည်မှန်းချက်အောင်မြင်အောင်ဆောင်ရွက်လိုခြင်းတို့ကြောင့် ဆက်လက်ပေါ်ပေါက်နေခြင်းဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးစီမံကိန်းများကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ မူးယစ်ဆေးဝါးသယ်ဆောင်လေ့ရှိသည့် လမ်းကြောင်းများ၌ စစ်ဆေးရှာဖွေ ဖော်ထုတ်ဖမ်းဆီးမှုများ တိုးမြှင့်လုပ်ဆောင်လျက်ရှိသကဲ့သို့ အိမ်နီးချင်းနိုင်ငံများနှင့်ပူးပေါင်း၍ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ပူးတွဲစစ်ဆင်ရေး တိုးမြှင့်ဆောင်ရွက်လျက်ရှိသည်။ ထို့ကြောင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ဖောက်ကားသူများအနေဖြင့် ပုံမှန်လုပ်ကိုင်နေကြသည့် ကုန်းလမ်းခရီးလမ်းကြောင်းကိုရှောင်လွှဲကာ ပင်လယ်ရေလမ်းကြောင်း၏ အားသာချက်ကိုအသုံးချပြီး သယ်ဆောင်မှုများပြုလုပ်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုများကို အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များက လုပ်ကိုင်လာကြသည်ကိုလည်း တွေ့မြင်နေရသည်။

ပြီးခဲ့သည့် မူးယစ်ဆေးဝါးဖမ်းဆီးရမိမှုဖြစ်စဉ်များတွင် AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုလုပ်ငန်းများကိုပြုလုပ်ကာ ရရှိသည့်အကျိုးအမြတ်ငွေကြေးများဖြင့် လက်နက်ခဲယမ်းများဝယ်ယူပြီး ရခိုင်ပြည်နယ်အတွင်း အကြမ်းဖက်တိုက်ခိုက်မှုလုပ်ငန်းများကိုဆောင်ရွက်ခြင်း၊ လက်နက်အားကိုးဖြင့် အပြစ်မဲ့ပြည်သူများအပေါ် အနိုင်ကျင့်နှိပ်စက်သတ်ဖြတ်ခြင်းများ လုပ်ဆောင်နေကြသည်ကို တွေ့မြင်ကြားသိနေရသည်။ ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်ခြင်းများနှင့် အကြမ်းဖက်လုပ်ငန်းများကို မလိုလားသည့် ဒေသခံပြည်သူများ၏ လျှို့ဝှက်သတင်းပေးတိုင်ကြားမှုအရ ၂၀၂၅ ခုနှစ် စက်တင်ဘာလ ၂၄ ရက်တွင် မူးယစ်ဆေးဝါးအမြောက်အမြားဖမ်းဆီးရမိခဲ့သည်။

AA အကြမ်းဖက်သောင်းကျန်းသူများသည် ယခင်ကလည်း ရန်ကုန်မြို့မှတစ်ဆင့် ရေလမ်းကြောင်းဖြင့် မူးယစ်ဆေးဝါးများကို သယ်ဆောင်ရန်ပြုလုပ်ခဲ့ရာတွင်လည်း အကြိမ်ကြိမ်ဖမ်းဆီးရမိခဲ့ပြီးဖြစ်သည်။ အဆိုပါ AA သောင်းကျန်းသူများဦးစီးလုပ်ကိုင်နေသည့် မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှု လုပ်ငန်းများသည် မြန်မာနိုင်ငံအတွက်သာမက ဒေသတွင်းနိုင်ငံများအတွက်ပါ အန္တရာယ်ဖြစ်ပေါ်လျက်ရှိသဖြင့် နိုင်ငံတော်အစိုးရက ထိထိရောက်ရောက်အရှိန်အဟုန်မြှင့်တင် ဖော်ထုတ်ဖမ်းဆီးလျက်ရှိသည်။ အထောက်အထားများအရ AA အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် ၂၀၁၃ ခုနှစ်မှစတင်၍ မူးယစ်ဆေးဝါးသယ်ဆောင်ရောင်းဝယ်မှုလုပ်ငန်းများ လုပ်ကိုင်ခဲ့သည်ကို တွေ့ရသည်။

AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် မူးယစ်ဆေးဝါးများကို ရခိုင်ပြည်နယ်အတွင်း၌သာမက ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် အခြားနိုင်ငံများသို့ပါ ချိတ်ဆက်ပို့ဆောင်ပေးခဲ့သည်ဟု သိရသည်။ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့ အင်အားကြီးလာခြင်းသည် မူးယစ်ဆေးဝါးမှရရှိသည့် ငွေကြေးများကြောင့်ဖြစ်သည်မှာ ငြင်း၍မရသောအချက်များဖြစ်သည်။ ၎င်းတို့ မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်မှုများ စတင်လုပ်ကိုင်ခဲ့သည့်အချိန်မှ ယနေ့အချိန်အထိ ဖမ်းဆီးရမိသည့် မူးယစ်ဆေးဝါးများ၏ ငွေကြေးတန်ဖိုးမှာ အမြောက်အမြားဖြစ်ပြီး မဖမ်းမိလိုက်သည့် မူးယစ်ဆေးဝါး အကျိုးအမြတ်များ၏ အန္တရာယ်များကြောင့် နိုင်ငံအတွက် မည်မျှအန္တရာယ်ကြီးမားသည်ကို ခန့်မှန်းကြည့်နိုင်သည်။

သို့ဖြစ်ရာ လူမျိုးရေးကိုအကြောင်းပြပြီး ရခိုင်ပြည်နယ်အတွင်း၌သာမက မြန်မာနိုင်ငံအတွင်း၊ ဒေသတွင်းနိုင်ငံများအတွင်း မူးယစ်ဆေးဝါး သယ်ဆောင်ရောင်းဝယ်ခြင်းဖြင့် အန္တရာယ်ပေးနေသော AA အကြမ်းဖက်သောင်းကျန်းသူများကို တိုင်းရင်းသားပြည်သူအားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းဆန့်ကျင်ပြီး အကြမ်းဖက်သောင်းကျန်းသူများ ချုပ်ငြိမ်းအောင်၊ မူးယစ်ဆေးဝါးအန္တရာယ်များ ပပျောက်သွားအောင် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက်(၄)ရပ်

**၁။ မြန်မာတို့၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် အမျိုးသားယဉ်ကျေးမှု လက္ခဏာများကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ရေး၊**

**၂။ ပြည်ထောင်စုသွေးချင်းများ၏ သွေးစည်းညီညွတ်သည့် စိတ်ဓာတ်နှင့် အမျိုးသားစည်းလုံးညီညွတ်မှု စိတ်ဓာတ်တို့ကို မြန်မာ့အနုပညာဖြင့် ဖော်ထုတ်ပြသနိုင်ရေး၊**

**၃။ မြန်မာ့ရိုးရာအနုပညာရပ်များကို မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်း အမွေပေးအပ်နိုင်ရေး၊**

**၄။ နိုင်ငံတော်၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယဉ်ကျေးမှုနှင့် အနုပညာ၏ အခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။**

## လှိုင်ကော်တက္ကသိုလ်တွင် အဝေးသင် သင်တန်း တက်ရောက်ရမည်ဖြစ်ကြောင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**

ကြေညာချက်

**လှိုင်ကော်တက္ကသိုလ်တွင် အဝေးသင်သင်တန်း တက်ရောက်ရမည်ဖြစ်ကြောင်း ကြေညာခြင်း**

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ တောင်ကြီးတက္ကသိုလ်၏ ၂၀၂၅ ပညာသင်နှစ် အဝေးသင် သင်တန်းတွင် ကျောင်းအပ်နှံထားသော လှိုင်ကော်တက္ကသိုလ် (အဝေးသင် သင်တန်း)မှ ကျောင်းသား၊ ကျောင်းသူများသည် ၂၀၂၅ ပညာသင်နှစ်၊ ဒုတိယအသုတ်နှင့် တတိယအသုတ် အနီးကပ်သင်တန်းနှင့် စာမေးပွဲများကို လှိုင်ကော်တက္ကသိုလ်တွင် တက်ရောက် ဖြေဆိုကြရမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**အဆင့်မြင့်ပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာန**

## ၁၀ - ၁၀ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၅၉၉၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၀ - ၁၀ - ၂၀၂၅

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၈,၂၀၀ | ၁,၂၃၁ | ၉,၈၆၃,၈၀၀ |
| MTSH | ၃,၄၀၀ | ၃,၄၀၀ | ၂,၁၅၈ | ၇,၃၃၇,၂၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၃ | ၂၃,၇၀၀ |
| FPB | ၂,၆၀၀ | ၂,၆၀၀ | ၂,၀၇၅ | ၅,၁၉၄,၈၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၄၅၀ | ၁,၂၃၇,၅၀၀ |
| EFR | ၁,၉၀၀ | ၁,၉၅၀ | ၂,၁၃၀ | ၄,၀၇၂,၀၀၀ |
| AMATA | ၃,၃၀၀ | ၃,၄၀၀ | ၁၇၈ | ၅၉၄,၉၀၀ |
| MAEX | ၃,၄၀၀ | ၃,၄၀၀ | ၂၁၀ | ၇၁၄,၀၀၀ |
| MADPL(PLB) | ၂,၇၅၀ | ၂,၇၅၀ | ၁,၀၇၆ | ၂,၉၅၈,၅၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**ခေတ္တ စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - စိုးအောင်၊ ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကို ဒီတိုင်းကြည့်နေမှာမဟုတ်

ရွေးကောက်ပွဲဖျက်မယ်ဆိုတဲ့လူတွေကိုတော့ ကျုပ်တို့အစိုးရကလည်း ဒီတိုင်းကြည့်နေမှာမဟုတ်ဘူး။ အပြင်းအထန်နှိပ်ကွပ်ရမှာပဲ။ ရွေးကောက်ပွဲမှာ လွတ်လပ်စွာ ယှဉ်ပြိုင်ရွေးကောက်တဲ့နေရာမှာတော့ ဘယ်သူ့ကိုမှ ကျုပ်တို့အစိုးရက နှောင့်ယှက်မှာ မဟုတ်ဘူး။ သို့သော် ဖျက်လိုဖျက်ဆီးလုပ်တဲ့လူမှုန်သမျှကို တော့ အာဏာကုန် နှိမ်နင်းပစ်မှာပဲဆိုတာ ရှင်းရှင်းကြီး သတိပေးထားပါရစေ။

(၁၉၄၇ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် ရွေးကောက်ပွဲနှင့်ပတ်သက်၍
ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သည့် အသံလွှင့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



## မြန်မာ့သားကောင်းအဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ(လေးထောင့်ကန်)အား ရန်ကုန်မြို့တော်ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် စံပြုအိမ်ရာတစ်ခုအဖြစ် ရည်မှန်းဆောင်ရွက်နေခြင်းဖြစ်






ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်း အိမ်ရာ (လေးထောင့်ကန်) တည်ဆောက်မှုအခြေအနေများနှင့်ပတ်သက်၍ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြစဉ်။

☆ **ရှေ့ဖုံးမှ**

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိ မြန်မာ့သားကောင်း အဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာ (လေးထောင့်ကန်)သို့သွားရောက်၍ အဆောက်အအုံများ ထပ်မံတိုးချဲ့ ဆောက်လုပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)သို့ ရောက်ရှိကြရာ စစ်ထောက်ချုပ် ဒုတိယဗိုလ်ချုပ်ကြီးဇော်ဟိန်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ မြန်မာ့သားကောင်း စစ်မှုထမ်းဟောင်း အိမ်ရာဝင်းအတွင်း အသုံးပြုနိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး Solar Plant တည်ဆောက်သွားမည့် အခြေအနေများ၊ ထပ်မံတိုးချဲ့ဆောက်လုပ်လျက် ရှိသည့် အဆောက်အအုံများအား သတ်မှတ်ချိန်အတွင်း ပြီးစီးရေးလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများ၊ အိမ်ရာအတွင်းရှိ ရေမြောင်းများအား အုတ်စီရေမြောင်းများအဖြစ် ပြုပြင်ဆောင်ရွက်ပြီး ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများ အပေါ် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မြန်မာ့သားကောင်း အဆင့်မြင့်စစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)အား ရန်ကုန်မြို့တော်ဖွံ့ဖြိုးရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် စံပြုအိမ်ရာတစ်ခုအဖြစ် ရည်မှန်းဆောင်ရွက်နေခြင်း ဖြစ်ကြောင်း၊ အိမ်ရာအတွင်း ရေမြောင်းများအား ရေစီးရေလာ ကောင်းမွန်စေရေး ဆောင်ရွက်ရာတွင် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်နှင့် ပိတ်ဆို့မှုများမရှိစေရေး စနစ်တကျ ဆောင်ရွက်သွားရန်လိုကြောင်း၊ အိမ်ရာဝင်းအတွင်းရှိ လမ်းများအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးသွားရန်လိုကြောင်း၊ အိမ်ရာအတွက် လိုအပ်သည့် စာသင်ကျောင်းနှင့် ရေ၊ မီးလိုအပ်ချက်များကိုလည်း ထပ်မံဖြည့်ဆည်း ဆောင်ရွက်ပေးသွားရမည်ဖြစ်ကြောင်း၊ အိမ်ရာအတွင်းနေထိုင်သည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များ၏ စားရေးကို အထောက်အကူပြုစေရန်အတွက် မွေးမြူရေးလုပ်ငန်းများနှင့် စိုက်ပျိုးရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ အလားတူ အရိပ်ရလေကာပင်များကိုလည်း စနစ်တကျ ဆက်လက်စိုက်ပျိုးသွားရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

☆ **အိမ်ရာအတွင်းရေမြောင်းများအား ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရာတွင် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရန်နှင့် ပိတ်ဆို့မှုများမရှိစေရေး စနစ်တကျ ဆောင်ရွက်သွားရန်လို**

☆ **အိမ်ရာအတွက် လိုအပ်သည့် စာသင်ကျောင်းနှင့် ရေ၊ မီးလိုအပ်ချက်များကိုလည်း ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးသွားရမည်**

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် စစ်မှုထမ်းဟောင်းအိမ်ရာအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးပြီး အိမ်ရာတွင် နေထိုင်လျက်ရှိသည့် စစ်မှုထမ်းဟောင်းများနှင့် မိသားစုဝင်များကို ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာ့သားကောင်း အဆင့်မြင့် စစ်မှုထမ်းဟောင်း အိမ်ရာ (လေးထောင့်ကန်) အနီး ဘုရင့်နောင်လမ်းနှင့် အမှတ်(၇) လမ်းထောင့်နေရာတွင် တည်ဆောက်လျက်ရှိသည့် Shopping Complex လုပ်ငန်းခွင်သို့ ရောက်ရှိ ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်၊ သင်္ဃန်းကျွန်းမြို့နယ်၊ သာကေတမြို့နယ်၊ တာမွေမြို့နယ်၊ ဗဟန်းမြို့နယ်၊ ဒဂုံမြို့နယ်၊ ကမာရွတ်မြို့နယ်တို့အတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လမ်းဘေးဝဲ/ယာရှိ ဈေးဆိုင်များ စနစ်တကျဖြင့် ရောင်းချနိုင်ရေး သတ်မှတ်စည်းကမ်းများနှင့်အညီ ကြပ်မတ်ဆောင်ရွက်သွားရန်၊ ရန်ကုန်မြို့အတွင်း ရေစီးရေလာများကောင်းမွန်စေရေးနှင့် ရေထုတ်စနစ်များကောင်းမွန်စေရေး ဆောင်ရွက်သွားရန်၊ Green Zone များအား စနစ်တကျ ဖော်ဆောင်သွားရန်နှင့် လမ်းများအား လမ်းအင်္ဂါရပ်များနှင့်အညီဖြစ်စေရေး ဆောင်ရွက်သွားရန်၊ အဆောက်အအုံများအား သန့်ရှင်းသပ်ရပ်တောက်ပြောင်မှုရှိနေစေရေး ဆောင်ရွက်သွားရန်နှင့် အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် Controller အသုံးပြု၍ ကွန်ကရစ်သွန်းလောင်း တံတားဆက်ခြင်း ဆောင်ရွက်ပေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ)တံတား ကွန်ကရစ်သွန်းလောင်းတံတားဆက်ခြင်း မဟာမင်္ဂလာအခမ်းအနား တက်ရောက်ချီးမြှင့်

**နေပြည်တော် အောက်တိုဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ) တံတား ကွန်ကရစ်သွန်းလောင်း တံတားဆက်ခြင်း မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ပြီး Controller အသုံးပြု၍ ကွန်ကရစ်လောင်း တံတားဆက်ခြင်းအား ဆောင်ရွက်ပေးသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးမြထွန်းဦး၊ ဒေါက်တာ ချာလီသန်းနှင့် ဦးမျိုးသန့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကွန်ကရစ်သွန်းလောင်း တံတားဆက်ခြင်း မဟာမင်္ဂလာအခမ်းအနား ပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ ပြည်ထောင်စု ဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ) တံတားစီမံကိန်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြသည်။

**ရှင်းလင်းပြောကြား**

ထို့နောက် အခမ်းအနားကို စတင်ကျင်းပပြုလုပ်ရာ အခမ်းအနားမှူးက မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ) တံတားနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ)တံတားစီမံကိန်းနှင့် စပ်လျဉ်းသည့် အကြောင်းအရာများကို ရှင်းလင်းတင်ပြစဉ်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ) တံတား တည်ဆောက်ရေးစီမံကိန်းတွင် ပါဝင်ခဲ့သည့် အင်ဂျင်နီယာအဖွဲ့များအား သစ်သီးခြင်းလက်ဆောင်များ ပေးအပ်သည်။

ဆက်လက်၍ မင်္ဂလာအချိန်တွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ) တံတားဆက်ခြင်း မဟာမင်္ဂလာအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး Controller အသုံးပြု၍ ကွန်ကရစ်သွန်းလောင်း တံတားဆက်ခြင်းကို ဆောင်ရွက်ပေးသည်။ ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ကွန်ကရစ်သွန်းလောင်း တံတားဆက်ထားသည့် နေရာအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ)တံတား ကွန်ကရစ်သွန်းလောင်း တံတားဆက်ခြင်းအထိမ်းအမှတ် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး (ဒလ)တံတား တည်ဆောက်ပြီးစီးမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် နိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌက လိုအပ်သည်များ မှာကြားသည်။

**စာမျက်နှာ ၅ သို့** ☆

**✪ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားမှာ သံမဏိကြိုးဆိုင်းတံတား Cable-Stayed Bridge အမျိုးအစားဖြစ်ပြီး လေးလမ်းသွားတံတားဖြစ်ကြောင်း၊ ပင်မတံတား အရှည်မှာ ၂၂၆၄ ပေ၊ ရန်ကုန်ဘက်ချဉ်းကပ်တံတား အရှည်မှာ ၁၈၉၁ ပေ၊ ဒလဘက်ကမ်းချဉ်းကပ်တံတား အရှည်မှာ ၁၉၇၂ ပေ၊ ရန်ကုန်ဘက်ကမ်းနှင့် ဒလဘက်ကမ်းချဉ်းကပ်လမ်းအရှည်မှာ ၃၅၅၃ ပေဖြစ်ပြီး တံတားတစ်စင်းလုံး၏ စုစုပေါင်းအရှည်မှာ ၆၁၂၇ ပေဖြစ်**

☆ စာမျက်နှာ ၄ မှ

အဆိုပါ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတား တည်ဆောက်ရေး စီမံကိန်းကို ၂၀၁၂ ခုနှစ် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်၏ ကိုရီးယားနိုင်ငံ ချစ်ကြည်ရေး ခရီးစဉ်အတွင်း မြန်မာနိုင်ငံ၌ မြန်မာ - ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး စီမံကိန်းတစ်ခု အကောင်အထည် ဖော်ဆောင်ရွက်ရန်ဆွေးနွေးခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် စီမံကိန်းအား စတင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၁၅ ခုနှစ်တွင် တည်ဆောက်ရေး လုပ်ငန်းများ စတင်နိုင်ရန်အတွက် အကြို အင်ဂျင်နီယာလုပ်ငန်းများ၊ ပုံစံ ထုတ်ခြင်းလုပ်ငန်းများကို စတင် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ တံတားတည်ဆောက်စဉ် ကာလ အတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားခြင်းနှင့် နှောင့်နှေးတွေ့ကြုံ ခဲ့ရသည့် လုပ်ငန်းအခက်အခဲများ ကို လက်ရှိအစိုးရအနေဖြင့် နိုင်ငံတော် တာဝန်ယူထားသည့် အချိန်တွင် တံတားတည်ဆောက် ရေးလုပ်ငန်းပြီးစီးရန် နိုင်ငံတော် ဘဏ္ဍာငွေ ဖြည့်တင်းဆောင်ရွက် နိုင်ခဲ့သဖြင့် လုပ်ငန်းပြီးစီးခဲ့ခြင်း ဖြစ်ကြောင်း၊ မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတားမှာ သံမဏိကြိုးဆိုင်းတံတား Cable-Stayed Bridge အမျိုးအစားဖြစ် ပြီး လေးလမ်းသွား တံတားဖြစ် ကြောင်း၊ ပင်မတံတားအရှည်မှာ ၂၂၆၄ ပေ၊ ရန်ကုန်ဘက်ချဉ်းကပ် တံတား အရှည်မှာ ၁၈၉၁ ပေ၊ ဒလဘက်ကမ်း ချဉ်းကပ်တံတား အရှည်မှာ ၁၉၇၂ ပေ၊ ရန်ကုန် ဘက်ကမ်းနှင့် ဒလဘက်ကမ်း ချဉ်းကပ် လမ်းအရှည်မှာ ၃၄၅၃ ပေဖြစ်ပြီး တံတားတစ်စင်းလုံး၏ စုစုပေါင်းအရှည်မှာ ၆၁၂၇ ပေ ဖြစ်ကြောင်း။

မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတားသည် မြန်မာနိုင်ငံရှိ တည်ဆောက်ပြီးစီးခဲ့သည့် သံမဏိ ကြိုးဆိုင်း တံတားများအနက် ရေလမ်းကင်းလွတ် အမြင့်ဆုံး တံတားဖြစ်ပြီး တံတားအောက်မှ တန်ချိန် ၁၅၀၀၀ ရှိသည့် နိုင်ငံ တကာ ပင်လယ်ကူးသင်္ဘောကြီး များနှင့် ပြည်တွင်းရေကြောင်းသွား သင်္ဘောကြီးများ ဖြတ်သန်းအသုံး ပြုနိုင်ရန် တံတားကင်းလွတ် အမြင့်ပေ ၁၆၀၊ အကျယ် ပေ ၉၉၀ ရှိကြောင်း၊ တံတား၏ခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်ပြီး မြန်မာအင်ဂျင်နီယာများအနေဖြင့် သံမဏိကြိုးဆိုင်းတံတားဆိုင်ရာ ပုံစံထုတ်ခြင်း၊ တည်ဆောက်ခြင်း၊ ခေတ်မီနည်းပညာများ၊ နည်းစနစ် များနှင့် အတွေ့အကြုံများကိုရရှိခဲ့ ကြောင်း၊ ယခုတံတားကြီး အချော သပ်တည်ဆောက်ပြီးစီး ဖွင့်လှစ် ခဲ့ပါက ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့မှ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များသို့ လည်း ကောင်း၊ ဒေးဒရဲမှတစ်ဆင့် ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေးမြို့နှင့် ကမ်းခြေ ဒေသများအပါအဝင် ဧရာဝတီ တိုင်းဒေသကြီးအတွင်းရှိ မြို့များ သို့လည်းကောင်း လွယ်ကူ လျင်မြန်စွာ သွားလာနိုင်မည်ဖြစ် ပြီး လက်ရှိဖြစ်ပေါ်နေသည့် ရန်ကုန်မြို့ ယာဉ်ကြောပိတ်ဆို့မှု များသည်လည်း အတိုင်းအတာ တစ်ခုအထိ လျော့ပါးသက်သာ သွားစေမည်ဖြစ်ကြောင်း၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး နှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ-ကိုရီးယား နှစ်နိုင်ငံချစ်ကြည်ရေး(ဒလ) တံတားတည်ဆောက်ရေးစီမံကိန်းတွင်ပါဝင်ခဲ့သည့် အင်ဂျင်နီယာအဖွဲ့များအား သစ်သီးခြင်း လက်ဆောင် ပေးအပ်စဉ်။

ဖွံ့ဖြိုးတိုးတက်မှုအပါအဝင် ကဏ္ဍ ပေါင်းစုံ၌ ဖွံ့ဖြိုးတိုးတက်လာပြီး ရန်ကုန်မြို့၏ အထင်ကရပြယုဂ် (Landmark)တစ်ခုလည်းဖြစ်လာ မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကျောက်မဲမြို့ ပြန်လည်ထူထောင်ရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နေမှု သွားရောက်ကြည့်ရှု

## ဒေသခံတိုင်းရင်းသားပြည်သူများအား တွေ့ဆုံ၊ ထောက်ပံ့ပစ္စည်းများပေးအပ်

နေပြည်တော် အောက်တိုဘာ ၁၀

TNLA၊ DPLA နှင့် MDY-PDF အမည်ခံ အကြမ်းဖက် သမားများသည် ဒေသတွင်း လမ်းပန်းဆက်သွယ်ရေး နှောင့်နှေးစေရန်နှင့် ပြည်သူများ၏ လူမှုစီးပွားဘဝ များ နိမ့်ကျပျက်စီးစေရန် ရည်ရွယ်ချက်ဖြင့် ကျောက်မဲ ခရိုင်အတွင်းရှိ ဂုတ်တွင်းတံတားကို မိုင်းခွဲဖျက်ဆီး ခဲ့သဖြင့် တပ်မတော်မှ စစ်မြေပြင်အင်ဂျင်နီယာတပ်ဖွဲ့ ဝင်များက အလျား ပေ ၁၅၀၊ အကျယ် ၁၈ ပေရှိ ယာယီသံပေါင် ဘေလီတံတားသစ်ကို တည်ဆောက် ၍ သွားလာမှုများ အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်ပေးခဲ့သည်။

### ကြည့်ရှုစစ်ဆေး

အဆိုပါ အကြမ်းဖက်သမားများဖျက်ဆီးခဲ့သည့် ဂုတ်တွင်းတံတားကို ပြန်လည်ပြုပြင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ယနေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ် ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက အဆိုပါ တံတားပျက်စီးသည့် နေရာသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူ များအား တံတားပြန်လည်ပြုပြင်မှုနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးသည်။

ထို့နောက် ရှေ့တန်းရောက်တပ်မတော်သားများ အတွက် စားသောက်ဖွယ်ရာပစ္စည်းများကို ကျောက်မဲ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြည်နယ် ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ်ဇော်မင်းလတ်တို့က ပေးအပ်ရာ တာဝန်ရှိသူ များက လက်ခံရယူကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ သည် ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေး ခန်းမ၌ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ကျောက်မဲ



မြို့ ပြန်လည်ထူထောင်ရေးအတွက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပသည်။

### အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေး

အစည်းအဝေးတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဗိုလ်ချုပ် ဇော်မင်းလတ်တို့က အမှာစကားပြောကြားပြီး တက်ရောက်လာသည့် သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍအလိုက် ဆွေးနွေး တင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည် များ ဖြည့်စွက်ဆွေးနွေးပြောကြားသည်။ ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောက်မဲမြို့ ကျက်သရေဆောင်ခန်းမ၌ ဒေသခံ ပြည်သူလူထုနှင့်တွေ့ဆုံ အမှာစကားပြောကြားပြီး ဒေသခံတိုင်းရင်းသား ပြည်သူများအတွက် ရှမ်း ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် အခြေခံ စားသောက်ကုန်များကို ထောက်ပံ့ပေးအပ်ရာ ဒေသခံ တိုင်းရင်းသားပြည်သူများက အသီးသီးလက်ခံရယူ ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များ သည် ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက် တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား ငါးမျိုးစပ်ကာကွယ်ဆေး၊ ဝက်သက်၊ ဂျိုက်သိုးရောဂါ ကာကွယ်ဆေး၊ ပိုလီယိုရောဂါ ကာကွယ်ဆေးထိုးနှံ နေမှုနှင့် ကျောင်းသား ကျောင်းသူများ၏ ပညာ သင်ကြားနေမှုကို လှည့်လည်ကြည့်ရှု၍ ဆရာ ဆရာမ များအား ပြည်နယ်ဝန်ကြီးချုပ်က ချီးမြှင့်ငွေပေးအပ် သည်။

ယင်းနောက် ကျောက်မဲမြို့ ကွန်ဖြူးရှပ် တရုတ်စာသင်ကျောင်း၌ ယာယီရုံးဖွင့်လှစ်ထားသည့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီး ဌာနက ပြည်သူများအား ပန်းခင်းစီမံချက်(၃) အိမ်ထောင်စုဇယား၊ နိုင်ငံသားစိစစ်ရေးကတ်ပြား ဆောင်ရွက်ပေးနေမှုများကို လည်းကောင်း၊ ဆောက်လုပ်ရေးဦးစီးဌာနရှိ ပျက်စီးသွားသည့် ဧည့်ရိပ်သာသို့လည်းကောင်း သွားရောက်ကြည့်ရှု၍ လိုအပ်သည်များမှာကြားသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် ကျောက်မဲ မြို့ ဇဟိုဈေးသို့သွားရောက်၍ ဈေးရောင်းချနေသော ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီးနှုတ်ဆက် အားပေးစကားပြောကြားပြီး ဈေးအတွင်း လှည့်လည် ကြည့်ရှုကြသည်။

### လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်း

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန် ရှိသူများသည် ကျောက်မဲမြို့ လာဘမုနိတရုတ် ဘုံကျောင်းတွင် ဖွင့်လှစ်ထားရှိသည့် ယာယီဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော ပြည်သူများအား သွားရောက်ကြည့်ရှု၍ အာဟာရဖြည့်ပစ္စည်းများ ပေးအပ်သည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကမ္ဘောဇရှမ်းကျောင်း ကျောင်းတိုက်သို့သွားရောက်၍ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ သည် မီးသတ်ဝန်ထမ်းအိမ်ရာနှင့် မြို့ရဲစခန်းတို့သို့ သွားရောက်၍ ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးပြီး မီးသတ်တပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ အတွက် ချီးမြှင့်ငွေပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိ သူများသည် ကျောက်မဲမြို့ တရားရေးဦးစီးဌာနနှင့် ပြည်သူ့ဆေးရုံကြီးသို့ သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များမှာကြားပြီး ကျောက်မဲမြို့ သန့်ရှင်းသာယာလှပရေးအတွက် မြို့နယ်စည်ပင်သာယာရေးဌာနက သန့်ရှင်းဆောင် ရွက်နေမှုတို့ကို ကြည့်ရှုကြသည်။

ထို့မှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိ သူများသည် နောင်ချိုမြို့၊ မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန၌ ဌာနဆိုင်ရာများနှင့်တွေ့ဆုံ အမှာ စကားပြောကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက် များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ စတုတ္ထနေ့ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ စတုတ္ထနေ့ကို ယနေ့နံနက်ပိုင်းမှစတင်ပြီး ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာများတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပလျက်ရှိသည်။



ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမောင်မောင်အေး ၂၀၂၅ ခုနှစ် (၂၆) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ “အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး” တေးသီချင်းအဆိုပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။

ယနေ့နံနက်ပိုင်းတွင် **တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အက ပြိုင်ပွဲ အလွတ်တန်းအဆင့်ကို** ဆင်ဖြူရှင်ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်မှ သာယာလှပ မွန်ဒေသ ယိမ်းအကအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ ကျေးလက်သဘာဝ၊ ကျေးလက်အလှအက အဖွဲ့၊ ကချင်ပြည်နယ်မှ လော်ဝေါ်ရိုးရာအကအဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ ကရင်တိုင်းရင်းသားရိုးရာ အိုးစည်နှင့် ယိမ်းအကအဖွဲ့၊ ကရင်ပြည်နယ်မှ ကရင်ယဉ်ကျေးမှုရိုးရာ ဒုံးအကအဖွဲ့၊ တနင်္သာရီတိုင်းဒေသကြီးမှ ထားဝယ်ရိုးရာ ရေအိုးရွက်အကအဖွဲ့၊ ရခိုင်ပြည်နယ်မှ ရခိုင်ရိုးရာ သျှိုင်ဒိုင် အကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မန်းအညာမြေအကအဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မောင်စိုးမင်းသူနှင့်အဖွဲ့၊ ချင်းပြည်နယ်မှ တီးတိန်ရှောင် စောင်းအကအဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ တောင်းဆုပန်ခြွေ ကျေးလက်မြေအကအဖွဲ့၊ ရှမ်းပြည်နယ်မှ ဓနုတိုင်းရင်းသား အကအဖွဲ့၊ ကယားပြည်နယ်မှ မောင်ပြည့်ဖြိုးဟိန်းနှင့် အဖွဲ့၊ ဧရာဝတီတိုင်းဒေသကြီးမှ တို့ဘိုးဘွားအမွေဧရာမြေ အကအဖွဲ့တို့က တိုင်းရင်းသားနှင့်ကျေးလက်ရိုးရာဓလေ့စရိုက်များ ပေါ်လွင်စေမည့် အကအလှများဖြင့် အဖွဲ့လိုက် အချိုးအဆစ် ညီညာပြေပြစ်ရသမြောက်စွာ ကပြယှဉ်ပြိုင်ကြသည်။



တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အကပြိုင်ပွဲ အလွတ်တန်းအဆင့်ပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ဓနုတိုင်းရင်းသားအကအဖွဲ့ ယှဉ်ပြိုင်စဉ်။

မွန်းလွဲပိုင်းတွင် **“အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး” တေးသီချင်း အဆိုပြိုင်ပွဲကို** ဆက်လက်ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “ကျွန်ုပ်တို့မြန်မာပြည်” သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင်** စစ်ကိုင်းတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ထာဝရငြိမ်းချမ်းရေး” သီချင်းဖြင့်လည်းကောင်း ယှဉ်ပြိုင်ကြသည်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အမျိုးသား ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကြစဉ်။

ထို့အတူ **စောင်းအတီးပြိုင်ပွဲကို** အမျိုးသားပြတိုက်(နေပြည်တော်) ရှိ Mini Theatre ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “စောင်းတော်သိင်္ဂါ (ကြိုး)” သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ တနင်္သာရီ တိုင်းဒေသကြီး၊ မန္တလေး တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ပြောင်ပြောင်ပြောင် နာဂိန် (ကြိုး)” သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မန္တလေး တိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက “ဘုန်းမိုးသွန်းလောင်း (သီချင်းခံ)” သီချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး ဆိုင်းဝိုင်းကြီးအဖွဲ့လိုက် အတီးပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ ပြိုင်ပွဲဝင်များ ယှဉ်ပြိုင်ကြစဉ်။



အဆင့်မြင့်ပညာအဆင့် အမျိုးသား အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲတွင် ရှမ်းပြည်နယ်မှ ပြိုင်ပွဲဝင် တစ်ဦး ယှဉ်ပြိုင်စဉ်။

ထို့ပြင် **ပတ္တလားအတီးပြိုင်ပွဲကို** အမျိုးသားစာကြည့်တိုက် (နေပြည်တော်) ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သောင်းသောင်းညံ(ယိုးဒယား)” သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “သောင်းသောင်းညံ(ယိုးဒယား)” သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက “မှန်ညောင်သဇ္ဈာ (ဝတ်တော်ရုံ)” သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။



အဆင့်မြင့်ပညာအဆင့် အမျိုးသမီး အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး တေးသီချင်းအဆိုပြိုင်ပွဲတွင် ကယားပြည်နယ်မှ ပြိုင်ပွဲဝင် တစ်ဦး ယှဉ်ပြိုင်စဉ်။

ထို့အတူ **စန္ဒရားအတီးပြိုင်ပွဲကို** သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ **အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသား**ပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊

**စာမျက်နှာ ၇ သို့** ✪

❂ စာမျက်နှာ ၆ မှ

ရခိုင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"တောနှင့်တောင်စွယ် (ယိုးဒယား)"** သီချင်းဖြင့်လည်းကောင်း၊ **အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင်** မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက **"မနက်ဖြန်(သို့မဟုတ်) ဘယ်သောအခါ (ကာလပေါ်)"** သီချင်းဖြင့်လည်းကောင်း၊ **အခြေခံပညာအဆင့်( အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင်** ဧရာဝတီတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက **" ဇမ္ဗူရောင်ကွန့်(ဘွဲ့)"** သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

အလားတူ **ဆိုင်းဝိုင်းကြီးအဖွဲ့လိုက်အတီးပြိုင်ပွဲကို** ပုဗ္ဗသီရိခန်းမ၌ ကျင်းပရာ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များကလည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက လည်းကောင်း မြိုင်မြိုင်ဆိုင်ဆိုင် တီးမှုတ်ယှဉ်ပြိုင်ကြသည်။

ယနေ့ပြိုင်ပွဲ စတုတ္ထနေ့၌ သတ်မှတ်နေရာများတွင် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်မှ အရာရှိကြီးများ၊ ဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ တပ်မိသားစုဝင်များ၊ ဝန်ထမ်းများနှင့် ကျောင်းသားကျောင်းသူများ လာရောက်ကြည့်ရှုအားပေးကြသည်။

ယခင်နှစ် (၂၅) ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲတွင် အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း)၊ အခြေခံပညာအဆင့်( အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) ဘာသာရပ်အလိုက် ပြိုင်ပွဲဝင် စုစုပေါင်း ၁၅၄၈ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ပြီး ယခုနှစ်အဆိုပါ အဆင့်သုံးဆင့်အတွက် ပြိုင်ပွဲဝင် ၁၆၆၁ ဦး ပါဝင်ယှဉ်ပြိုင်လျက်ရှိသည့်အတွက် ယခင်နှစ်နှင့် နှိုင်းယှဉ်လျှင် ပြိုင်ပွဲဝင်ဦးရေ တိုးတက်များပြားလာကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အကပြိုင်ပွဲ အလွတ်တန်းအဆင့်ပြိုင်ပွဲ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။



တိုင်းရင်းသားရိုးရာ/ ကျေးလက်ရိုးရာ အကပြိုင်ပွဲ အလွတ်တန်းအဆင့်ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီးမှ ထားဝယ်ရိုးရာရေအိုးရွက်အကအဖွဲ့ ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသား ပတ္တလားအတီးပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မောင်အောင်ဖြိုးခန့် ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသမီး ပတ္တလားအတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မချစ်ပြည့်ခိုင်(ခ) ကောင်းကင်ဗိုလ် ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ အတွင်း) အမျိုးသမီး စန္ဒရားအတီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ မဂျူးနွယ်ဒီကို ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ အတွင်း) အမျိုးသား စန္ဒရားအတီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးမှ မောင်းဟိန်းသုတ ယှဉ်ပြိုင်စဉ်။




အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ အတွင်း) အမျိုးသား စောင်းအတီးပြိုင်ပွဲတွင် ကယားပြည်နယ်မှ မောင်ဟိန်းထက်အောင် ယှဉ်ပြိုင်စဉ်။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး စောင်းအတီးပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ မသဒ္ဒါရွှေဖြူ ယှဉ်ပြိုင်စဉ်။

## မူဆယ်မြို့၌ အဆင့်မြင့် စက်ချုပ်သင်တန်းဆင်း

မူဆယ် အောက်တိုဘာ ၁၀

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (မူဆယ်) မှ ဖွင့်လှစ်သော အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်း (အမှတ်စဉ်-၅) ဆင်းပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မူဆယ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းမင်းက သင်တန်းဆင်းမိန့်ခွန်းပြောကြားပြီး သင်တန်းကျောင်းအုပ် ဒေါ်နန်းစောရင်က သင်တန်းဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ သင်တန်းထူးချွန်ဆုရရှိသည့် သင်တန်းသူအား ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာနက ချီးမြှင့်သည့် အပ်ချုပ်စက်တစ်စုံကို ခရိုင်အုပ်ချုပ်ရေးမှူးကလည်းကောင်း၊ သင်တန်းတွင် ဒုတိယဆုနှင့် တတိယဆုရရှိသော သင်တန်းသူများအား ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်လွင်အောင်နှင့် တာဝန်ရှိသူများကလည်းကောင်း၊ သင်တန်းဆင်းအောင်လက်မှတ်များကို ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးကိန်မိုင်ကလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**



## အင်အား ရစ်(ခ်)တာစကေး ၇ ဒသမ ၄ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၁၀

၂၀၂၅ ခုနှစ် အောက်တိုဘာ ၁၀ ရက် မြန်မာစံတော်ချိန် ၀၈ နာရီ ၁၃ မိနစ်၊ ၅၄ စက္ကန့် အချိန်တွင် နေပြည်တော်မြေငလျင်စခန်းမှ အရှေ့တောင်ဘက် ၂၁၈၂ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်ပ (Mindanao, Philippines)၊ မြောက်လတ္တီတွဒ် ၇ ဒသမ ၃၇ ဒီဂရီ၊ အရှေ့ လောင်ဂျီတွဒ် ၁၂၆ ဒသမ ၇၇ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာခန့်ကို ဗဟိုပြု၍ အင်အား ရစ်(ခ်)တာစကေး ၇ ဒသမ ၄ အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

# အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ်ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၁၀

၂၀၂၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန စုပေါင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ အမျိုးသား သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ ပြည်ထဲရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယ ဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ စီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌနှင့် ကော်မတီဝင် ပြည်ထောင်စု ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အမျိုးသမီး အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ကျောင်းသားကျောင်းသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဝန်ထမ်းများက "၂၀၂၅ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့ အထိမ်းအမှတ်ဂုဏ်ပြု" တေးသီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်က "အပြည်ပြည်ဆိုင်ရာ သဘာဝဘေး အန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေ လျှော့ချရေးနေ့" အထိမ်းအမှတ် အခမ်းအနားကို ယခုနှစ်တွင် **"Fund Resilience, Not Disasters" "ဘေးဒဏ်ကြံ့ကြံ့ခံနိုင်ရေး၊ သုံးစွဲဘဏ္ဍာတိုးမြှင့်ပေး"** ဆောင်ပုဒ်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အစီရင်ခံစာအရ ၂၀၂၄ ခုနှစ်သည် အပူဆုံးနှစ်တစ်နှစ်အဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း၊ တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် သဘာဝဘေးဖြစ်ပွားမှုကို လေ့လာရာတွင် ရေဘေးခံစားရနိုင်ခြေရှိသည့် လူဦးရေသည် ၁၉၇၀ ပြည့်နှစ်တွင် ၂၈ ဒသမ ၁ သန်းမှ ၂၀၂၀ ပြည့်နှစ်တွင် ၃၅ ဒသမ ၁ သန်းအထိ ၂၄ ဒသမ ၉ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း၊ မိုးခေါင်ရေရှားဘေးသည် လွန်ခဲ့သည့် နှစ် ၂၀ ကျော်အတွင်း ၂၉ ရာခိုင်နှုန်းအထိ တိုးမြင့်ခဲ့ကြောင်း၊ အပူပိုင်းမုန်တိုင်းကြောင့် နှစ်စဉ်ခန့်မှန်းခြေ ဆုံးရှုံးမှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၁၉ ဘီလီယံဖြစ်ကြောင်း။

မြန်မာနိုင်ငံတွင်လည်း ၂၀၂၅ ခုနှစ် မတ် ၂၈ ရက်က ဖြစ်ပွားခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် လမ်း၊ တံတား၊ နေအိမ်၊ စာသင်ကျောင်းတို့အပြင် လျှပ်စစ်၊ ပို့ဆောင်ဆက်သွယ်ရေး စသည့် ကဏ္ဍပေါင်းစုံတွင် ထိခိုက်ပျက်စီးခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးငွေကျပ် ၇၉၇၉ ဘီလီယံကျော်ရှိခဲ့ကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ဦးဆောင်လမ်းညွှန်မှု၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီ၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ငလျင်ဘေးအရေးပေါ်တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို သက်ဆိုင်ရာ လုပ်ငန်းကော်မတီများ၊ ဝန်ကြီးဌာန၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး၊ ပြည်နယ် သဘာဝဘေးစီမံခန့်ခွဲမှု အဖွဲ့များ၊ ပြည်သူများ လက်တွဲညီစွာဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာ ထိခိုက်ဆုံးရှုံးနိုင်ခြေညွှန်းကိန်းအရထိခိုက်ဆုံးရှုံးနိုင်ခြေ အမြင့်မားဆုံးနိုင်ငံ ၁၀ နိုင်ငံအနက် ဆဋ္ဌမမြောက်နေရာတွင် ပါဝင်နေသဖြင့် သဘာဝဘေး လျှော့ပါးရေး လုပ်ငန်းများကို ဦးစားပေးအဆင့်အနေဖြင့် အစဉ်တစိုက် အလေးထား လုပ်ဆောင်ကြရန် အလွန်အရေးကြီးကြောင်း၊ ဘေးဒဏ်ကြံ့ကြံ့ခံနိုင်စွမ်းကို ထူထောင်ရာတွင် အစိုးရ၊ ပုဂ္ဂလိကကဏ္ဍများ သာမက ဖွံ့ဖြိုးတိုးတက်မှုနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အဖွဲ့အစည်းတိုင်းသည် သဘာဝဘေး လျှော့ပါးရေးဆိုင်ရာ အစီအမံများတွင် ရန်ပုံငွေကို ပိုမိုထည့်သွင်း ရင်းနှီးမြှုပ်နှံကြခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှုကို လျှော့နည်းအောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် Mr. Antonio Guterres ၏ သတင်းစကားရုပ်သံနှင့် မြန်မာနိုင်ငံတွင် ဆောင်ရွက်လျက်ရှိသည့် သဘာဝဘေးစီမံခန့်ခွဲမှု မှတ်တမ်းတင်ဗီဒီယိုတို့ကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းတို့က အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းအဆင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိကြသူများအား ဂုဏ်ပြုတံဆိပ်၊ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြပြီး အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ အထိမ်းအမှတ်ဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် လက်ဝှေ့နှင့် ပိုက်ကျော်ခြင်းအားကစားအဖွဲ့များလေ့ကျင့်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် အောက်တိုဘာ ၁၀**

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် လက်ဝှေ့နှင့် ပိုက်ကျော်ခြင်းအားကစားအဖွဲ့များ စခန်းဝင်လေ့ကျင့်နေမှုကို ကြည့်ရှုအားပေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဝိတ်တန်းအလိုက် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိလက်ဝှေ့လေ့ကျင့်ရေးရုံ၌ လက်ဝှေ့အားကစားသမားများ လေ့ကျင့်နေမှုကိုလည်းကောင်း၊ ပိုက်ကျော်ခြင်း(အမျိုးသား၊ အမျိုးသမီး)သုံးယောက်တွဲ၊ လေးယောက်တွဲ အသင်းလိုက် နည်းစနစ်ပိုင်း လေ့ကျင့်နေမှုနှင့် ကွင်းသွင်းခြင်းခတ် အားကစားသမားများ၏ လေ့ကျင့်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုအားပေးသည်။

ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက လေ့ကျင့်ထားသည့်အတိုင်း ထိချက်များမှန်ကန်တိကျစွာဖြင့် ပြိုင်ပွဲတွင်ယှဉ်ပြိုင်နိုင်အောင် နည်းစနစ်၊ နည်းဗျူဟာများကို ကြိမ်ဖန်များစွာ လေ့ကျင့်သွားရန်၊ ကွင်းသွင်းခြင်းခတ်ရာတွင် စိတ်တည်ငြိမ်မှုရှိစေရန်နှင့် ရမှတ်များ ပိုမိုကောင်းမွန်စေရန်အတွက် အာရုံစူးစိုက်ခြင်းနှင့် သက်လုံကောင်းပြီး ခန္ဓာကိုယ်ကြံ့ခိုင်မှုရှိစေမည့် လေ့ကျင့်ခန်းများကို အလေးထား လေ့ကျင့်လုပ်ဆောင်သွားရန်၊ Training Program အတိုင်းလေ့ကျင့်ပြီး မိမိတို့၏ အားနည်းချက်များကို အားသာချက်အဖြစ် ပြောင်းလဲနိုင်သူများဖြစ်အောင် နည်းပြဆရာများ၏ သင်ကြားလေ့ကျင့်ပေးမှုအတိုင်း လိုက်နာကြိုးစားလေ့ကျင့်သွားကြရန် မှာကြားကာ အုပ်ချုပ်၊ နည်းပြများနှင့် အားကစားသမားများ၏ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အခြေခံရေကူးနှင့် ဒိုင်ဗင်သင်တန်းဖွင့်ပွဲ ကျင်းပ

**ပုသိမ် အောက်တိုဘာ ၁၀**

ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံရေကူးအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံရေကူးနှင့် ဒိုင်ဗင်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အားကစားနှင့် ကာယပညာဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီး အဆင့်မြင့်ရေကူးကန်(ပုသိမ်)၌ ပြုလုပ်ခဲ့ရာ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်း တက်ရောက်သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်အား သင်တန်းနည်းပြများက တစ်ဦးချင်းမိတ်ဆက်ပေးကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် သင်တန်းသားသင်တန်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ သင်တန်းနည်းပြများက သင်တန်းသားများအား လေ့ကျင့်သင်ကြားပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။ အဆိုပါ သင်တန်းကို ယခုလ ၁၀ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ပြုလုပ်သည့် ပုသိမ်တက္ကသိုလ်ဘာသာရပ် မိတ်ဆက်ပွဲ အခမ်းအနားသို့ တက်ရောက်ပြီး တက္ကသိုလ်ဆရာ ဆရာမများက တက္ကသိုလ်ဝင် စာမေးပွဲဖြေဆိုမည့် ကျောင်းသား ကျောင်းသူများအား ဘာသာရပ်များအလိုက် သင်ကြားပို့ချမှု အခြေအနေများနှင့် အကျိုးကျေးဇူးများ အကြောင်း အကျဉ်းချုပ်ဆွေးနွေးပေးနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပုသိမ်မြို့ ရောရှေ့ဝါခန်းမတွင်ပြုလုပ်သည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၂၅)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲသို့



ဝင်ရောက်ယှဉ်ပြိုင်မည့် ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးအသင်းများအား ကြိုဆိုမိတ်ဆက်ခြင်းအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး အားကစားသမားများအား ရင်းရင်းနှီးနှီး အားပေးနှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

**ရွေးကောက်ပွဲ ကျင်းပရန်**

**၇၈ ရက်**

**သာ လိုတော့သည်။**

## မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ

ပထမအကြိမ် မဲစာရင်းကပ်ထားကြေညာခြင်းကို ၂၀-၁၀-၂၀၂၅ ရက်နေ့အထိ ၇ ရက် ထပ်မံတိုးမြှင့်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ(၃)ဖြင့် တောင်းဆိုပါ။ အမည်နှင့်အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ(၄)ဖြင့် ကန့်ကွက်ပါ။ အချက်အလက်များပြင်ဆင်ရန်ရှိပါက ပုံစံ(၄-ဂ) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ရွေးကောက်ပွဲတွင် ယာယီနေရပ်စွန့်ခွာနေရသူများ ကြိုတင်မဲပေးနိုင်သည်

ယာယီနေရပ်စွန့်ခွာနေရသူများသည် မိမိတို့၏ နေရပ်ရင်း မဲဆန္ဒနယ်အတွက် ကြိုတင်မဲပေးနိုင်ရန် ပုံစံ(၁၅)များကို မိမိတို့ရောက်ရှိရာဒေသ မြို့နယ်ကော်မရှင်အဖွဲ့ခွဲတွင် အခမဲ့ရယူ၍ ၁၇-၁၀-၂၀၂၅ ရက်နေ့ နောက်ဆုံးထားလျှောက်ထားနိုင်သည်။

## အမြဲတမ်းနေရပ်သို့ ပြန်လည်၍ မဲပေးလိုခြင်းမရှိပါက ရောက်ရှိနေရာတွင် မဲပေးနိုင်ရေး မဲစာရင်းထည့်သွင်းရန် ဆောင်ရွက်ရမည့်နည်းလမ်း

❖ အနည်းဆုံးရက်ပေါင်း(၁၈၀)ထက်မနည်း မဲစာရင်းပါရှိသည့် သက်ဆိုင်ရာမြို့နယ်ပြင်ပသို့ရောက်ရှိနေပြီး မိမိ၏အမြဲတမ်းနေရပ်သို့ ပြန်လည်၍မဲပေးလိုခြင်းမရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ဝင်ရောက်ယှဉ်ပြိုင်သော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးပိုင်ခွင့်ရရှိရေးအတွက် မိမိအမည်ကို မဲစာရင်းတွင်ထည့်သွင်းပေးရန် တောင်းဆိုလွှာ ပုံစံ(၃-က)ဖြင့် ရွေးကောက်ပွဲကျင်းပမည့်နေ့မတိုင်မီ ရက်ပေါင်း ၆၀ ထက်နောက်မကျစေဘဲ သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲမှတစ်ဆင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြလျှောက်ထားရန်။

## မိုင်းဆတ်ခရိုင်အတွင်း ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

# မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာထားမှု တာဝန်ရှိသူများ ကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၁၀**

၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မိုင်းဆတ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

ညှိနှိုင်းအစည်းအဝေးသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) တာဝန်ခံ ဦးမြင့်ဦးနှင့် (အရှေ့ပိုင်း) တာဝန်ခံ ဦးမျိုးမောင်၊ ရှမ်းပြည်နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အတွင်းရေးမှူး၊ မိုင်းဆတ်ခရိုင်/ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများ၊ မိုင်းဆတ်ခရိုင်/ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ မိုင်းတုံမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)ဆိုင်ရာကြီးကြပ်ရေးအဖွဲ့၊ နည်းပညာအထောက်အကူပြုအဖွဲ့များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အပိုင်းလိုက်ကျင်းပမည့်အခြေအနေများ၊ ရွေးကောက်ပွဲအတွက် ပထမအကြိမ်မဲဆန္ဒရှင်စာရင်းများကပ်ထားကြေညာပြီး မဲဆန္ဒရှင်စာရင်းတွင် ပုံစံ (၃)၊ ပုံစံ (၃-က)၊ ပုံစံ (၄)၊ ပုံစံ (၄-ဂ) တို့ဖြင့် ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ အခြေခံပညာအထက်တန်းကျောင်းများမှ Grade – 12 တွင် ပညာသင်ကြားနေသော အသက် ၁၈ နှစ်နှင့်အထက် ဆန္ဒမဲပေးရမည့် ကျောင်းသား ကျောင်းသူများအား မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် လက်တွေ့စမ်းသပ်မဲပေးနိုင်ရေး လုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များ မဲရုံများသို့ သယ်ယူပို့ဆောင်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားမှုအခြေအနေများ၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) အား Installation လုပ်ဆောင်ခြင်းနှင့်မဲပေးစက် (MEVM) တွင် တပ်ဆင်အသုံးပြုရမည့် ဘက်ထရီများ အားသွင်းမှုကို နည်းမှန်လမ်းမှန်စွာဆောင်ရွက်ရမည့် အခြေအနေများ၊ ရွေးကောက်ပွဲတွင် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) များ အသုံးပြုခြင်းဆိုင်ရာ လုပ်ငန်းစဉ်အဆင့်ဆင့်ကို ခရိုင်/မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲနှင့် မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၊ နည်းပညာအထောက်အကူပြုအဖွဲ့များ ပူးပေါင်း၍ လုပ်ဆောင်ရမည့်အခြေအနေများ၊ မိုင်းဆတ်မြို့နယ်နှင့် မိုင်းတုံမြို့နယ်တို့တွင် မဲဆန္ဒရှင်အသိပညာပေးမြေစိုက်ပိုစတာများ စိုက်ထူဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရွေးကောက်ပွဲဆိုင်ရာစုဝေးဟောပြောခြင်းနှင့် မဲဆွယ်စည်းရုံးရေးတို့တွင် ခွင့်ပြုပေးရမည့်လုပ်ငန်းစဉ်များ၊ ရွေးကောက်ပွဲဆိုင်ရာ တရားမဲ့ပြုကျင့်မှုဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များကို ချပြရှင်းလင်းဆွေးနွေးသည်။

ယင်းနောက်အစည်းအဝေးသို့ တက်ရောက်လာသော ခရိုင်နှင့်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များက ဖြည့်စွက်ဆွေးနွေးကာ မိုင်းဆတ်မြို့နယ် မြို့ပေါ်ရပ်ကွက်များတွ င် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းကပ်ထားကြေညာထားသည့် ရှစ်နေရာတို့ကို သွားရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**



## အုတ်တွင်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာ အသိပညာပေး

**အုတ်တွင်း အောက်တိုဘာ ၁၀**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၌ မြန်မာအီလက်ထရောနစ်မဲပေးစက်ဆိုင်ရာအသိပညာပေးခြင်းနှင့် လက်တွေ့စမ်းသပ်မဲပေးခြင်း ဆက်လက်သရုပ်ပြသခြင်းကို ယနေ့နံနက် ၈ နာရီခွဲက အုတ်တွင်းမြို့မဈေးရှေ့၌ ကျင်းပသည်။

**ရှင်းလင်းပြောကြား**

ဦးစွာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ ဒုတိယဦးစီးမှူး ဒေါ်မေသဇင်ထွန်းက မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဖြင့် လက်တွေ့စမ်းသပ်မဲပေးခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဈေးသူ/ဈေးသားများနှင့် ဒေသခံပြည်သူစုစုပေါင်း ၁၅၀ တို့က လက်တွေ့စမ်းသပ်မဲပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အုတ်တွင်းမြို့နယ်အနေဖြင့် ယနေ့အချိန်အထိ နိုင်ငံရေးပါတီ ရှစ်ခု မှတ်ပုံတင်ထားရှိကြောင်းနှင့် ဒေသခံပြည်သူများအား MEVM စက်နှင့် လက်တွေ့စမ်းသပ်မဲပေးခြင်းကို (၉)ကြိမ်မြောက် ကျင်းပပြီးဖြစ်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှသိရသည်။

**ခင်ခင်မာ(ပြန်/ဆက်)**

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ကြမည့် နိုင်ငံ့သားကောင်းများ၏ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅)သင်တန်းဆင်းပွဲများ ကျင်းပပြုလုပ်

နေပြည်တော် အောက်တိုဘာ ၁၀

နိုင်ငံသားတိုင်းသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ထိန်းရန်တာဝန်ရှိသဖြင့် ယင်းတာဝန်များကိုထမ်းဆောင်နိုင်ရန်အတွက် စိတ်အားထက်သန်စွာ လာရောက်စာရင်းပေးသွင်းကြသည့် လူငယ်များအား ပြည်သူ့စစ်မှုထမ်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅)သင်တန်းဆင်းပွဲ အခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်း အသီးသီး၌ ကျင်းပပြုလုပ်ကြသည်။

အဆိုပါ သင်တန်းဆင်းပွဲများကို သင်တန်းဆင်းစစ်ရေးပြ အစီအစဉ်အတိုင်း ဆောင်ရွက်ကြပြီး သင်တန်းသားများက နိုင်ငံတော်အလံကိုကိုင်၍ ကတိသစ္စာခံယူကြသည်။ ထို့နောက် သင်တန်းကျောင်းများ အလိုက် သက်ဆိုင်ရာ တာဝန်ရှိသူများက သင်တန်းဆင်း အမှာစကားများ အသီးသီး ပြောကြားကြပြီး သင်တန်းဆင်းထူးချွန်ဆု ရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ကြသည်။

သင်တန်းဆင်းပွဲ အခမ်းအနားများအပြီးတွင် သင်တန်းဆင်းပွဲများသို့ တက်ရောက်ကြသော တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သင်တန်းကျောင်းခန်းမများ၌ ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၁၅)မှ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များအား တွေ့ဆုံအမှာစကားပြောကြားပြီး ရင်းရင်းနှီးနှီး လိုက်လံ နှုတ်ဆက်အားပေးကြသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ-၃၈၅ တွင် နိုင်ငံတော်၏ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်ရေးသည် နိုင်ငံသားတိုင်းတွင် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားပြီး ပုဒ်မ-၃၈၆ တွင် နိုင်ငံသားတိုင်းသည် ဥပဒေပြဋ္ဌာန်းချက်များနှင့် အညီ စစ်ပညာ သင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ရန် တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။ နိုင်ငံတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ နိုင်ငံသားများ၏အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ပေးလျက်ရှိပြီး နိုင်ငံသားများအနေဖြင့်လည်း နိုင်ငံ့တာဝန်များကို ထမ်းဆောင်ကြရမည်ဖြစ်သည်။ ယင်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်ရန် ဆန္ဒရှိကြသည့် နိုင်ငံ့သားကောင်းများသည် ပြည်သူ့စစ်မှုထမ်းသင်တန်းများ တက်ရောက်ကာ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေး တာဝန်များကို ထမ်းဆောင်နေကြပြီဖြစ်သည်။



ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅)သင်တန်းဆင်းပွဲ ကျင်းပစဉ်။

ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၅)တွင် တက်ရောက်ခဲ့ရသည့် အတွေ့အကြုံများ၊ သင်တန်းမှရရှိခဲ့သည့် အလေ့အကျင့်ကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များနှင့် သင်တန်းဆင်းပြီးနောက် မိမိတို့တာဝန်ကျရာတပ်ရင်း၊ တပ်ဖွဲ့များ၌ ဆက်လက် တာဝန်ထမ်းဆောင်သွားမည့် အခြေအနေများနှင့် ပတ်သက်၍ သင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များ၏ စကားသံများကိုလည်း ယခုလိုပဲ ကြားသိရပါသည်----

၁။ သင်တန်းကာလမှာ ပထမပိုင်းမှာတော့ အတော်ပင်ပန်းခက်ခဲလွန်းပါတယ်။ တစ်ပတ်ကြာတဲ့အချိန်မှာ နေသားကျပြီးတော့ သင်တန်းနည်းပြတွေရဲ့ လေ့ကျင့်မှုတွေနဲ့အတူ အခက်အခဲတွေကို အောင်မြင်စွာ ကျော်လွှားနိုင်ပြီး သင်တန်းကို ပြီးဆုံးအောင် တက်ရောက် နိုင်ခဲ့ပါတယ်။ ဒီသင်တန်းမှာတော့ စံပြတပ်သားဆုကိုရရှိခဲ့ပါတယ်။ ဒီဆုကို ရရှိဖို့အတွက် နည်းပြတွေရဲ့ သင်ကြားပေးမှုတွေကို တစ်သဝေမတိမ်း လိုက်နာ လေ့ကျင့်ပြီးတော့ ကိုယ်ကိုယ်တိုင်လည်း စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်လာရင်း **စာမျက်နှာ ၁၁ သို့** ❍







ပြည်သူ့စစ်မှုထမ်းသင်တန်းအမှတ်စဉ်(၁၅)သင်တန်းဆင်းပွဲ ကျင်းပစဉ်။

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး ကော်မရှင်ရုံးခွဲ(တောင်ကြီး)မှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၁၀**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦးသည် ယနေ့နံနက်ပိုင်းတွင် ကော်မရှင်ရုံးခွဲ (တောင်ကြီး)ရှိ အစည်းအဝေးခန်းမ၌ ကော်မရှင်ရုံးခွဲမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တာဝန်ခံအရာရှိက ရုံးခွဲစတင်ဖွင့်လှစ်ခဲ့မှု၊ ဝန်ထမ်းဖွဲ့စည်းပုံနှင့် ဝန်ထမ်းခန့်ထားမှု၊ အသိပညာပေးရေးနှင့် စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌက ဝန်ထမ်းများအနေဖြင့် တာဝန်ထမ်းဆောင်ကြရာတွင် ကော်မရှင်က ထုတ်ပြန်ထားသော ကော်မရှင်ကျင့်ဝတ် (CODE OF CONDUCT) နှင့်အညီ လိုက်နာစောင့်ထိန်းရန် လိုအပ်ကြောင်း၊ ကော်မရှင်ရုံးခွဲ (တောင်ကြီး)အနေဖြင့် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ရှမ်းပြည်နယ်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်း ၂၀ တွင် ဖြောင့်မတ်တည်ကြည်မှု မြှင့်တင်ရေးပညာပေး အစီအစဉ်နှင့် လူငယ် စကားဝိုင်းများကို လျာထား ကျင်းပလျက်ရှိရာ ထိရောက် အောင်မြင်မှုရှိအောင် ကြိုးပမ်း ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း။

**ထောက်ပံ့ပေးအပ်**

ဝန်ထမ်းများအနေဖြင့် ပေးအပ်လာသည့်တာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရေးအတွက် ဝန်ထမ်း တစ်ဦးချင်းအနေဖြင့် အရည်အချင်း၊ အရည်အသွေး ပြည့်ဝနေအောင် အမြဲတမ်း ဖြည့်ဆည်းနေရန် လိုကြောင်း၊ ထို့ပြင် မကြာမီကျင်းပမည့် ရွေးကောက်ပွဲတွင် ဝန်ထမ်းများအနေဖြင့် ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးကို ဖော်ဆောင်နိုင်မည့် ကိုယ်စားလှယ် လောင်းများကို ရွေးချယ်မဲပေးကြရန်လိုကြောင်း နှင့် ရွေးကောက်ပွဲ အောင်မြင်စေရေးအတွက် တတ်နိုင်သည့်ဘက်မှ အားလုံးပူးပေါင်းပါဝင် ကူညီဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး ရုံးခွဲရှိဝန်ထမ်းများအတွက် ကြက်ဥ၊ စားသုံးဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ရုံးခွဲအဆောက်အအုံအတွင်း ဝန်ထမ်းများ၏ လုပ်ငန်းတာဝန် ထမ်းဆောင်နေမှုများနှင့် ကော်မရှင်ရုံးခွဲ ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုပြီး ဝန်ထမ်းမိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁၅) သင်တန်းဆင်း စစ်သည်များအား ဂုဏ်ပြုလက်ဖက်ရည်ဖြင့် တည်ခင်းဧည့်ခံစဉ်။

○ စာမျက်နှာ ၁၀ မှ

တဖြည်းဖြည်းနဲ့ နည်းပြတွေ၊ သင်တန်းမှူးတွေရဲ့ လေ့ကျင့်ပေးမှုတွေကိုရရှိပြီး ဒီဆုကိုရရှိခဲ့တာ ဖြစ်ပါတယ်။ ကျောင်းတော်ကြီးက သင်ကြားပေးလိုက်တဲ့ ဘာသာရပ်တွေကို မြေပြင်မှာ လက်တွေ့အသုံးချပြီး အမြဲတမ်းစစ်မှုထမ်းတွေဖြစ်တဲ့ ညီနောင်တွေနဲ့ အတူ လက်တွေ့အသုံးချသွားမှာဖြစ်ပါတယ်။

၂။ ကျွန်တော်က ဒဂုံတက္ကသိုလ် ပထမနှစ်အဝေးသင် သမိုင်းမေဂျာနဲ့ တက်ရောက်နေတဲ့ သူတစ်ဦးဖြစ်ပါတယ်။ ကျွန်တော် ဒီပြည်သူ့စစ်မှုထမ်းသင်တန်းကို ကိုယ့်သဘော စိတ်ဆန္ဒနဲ့ ဝင်ရောက်လာခြင်းဖြစ်ပါတယ်။ ပြည်သူ့စစ်မှုထမ်း သင်တန်းကိုလည်း ကျွန်တော်အလွန် တက်ချင်တဲ့အတွက်ကြောင့် ကိုယ်တိုင်လာရောက် ဆန္ဒပြုပြီးတော့ တက်ရောက်ခြင်းဖြစ်ပါတယ်။ ဒီမှာကျတော့စည်းစနစ်ရှိတယ်၊ စည်းကမ်းရှိတယ်။ နောက်ပြီး ကျွန်တော်တို့တွေ စစ်ပညာဆိုတဲ့ အတတ်ပညာကိုလည်း သင်ယူတဲ့အခါမှာ ကိုယ့်အတွက် အထူးအဆန်းအများကြီး ရတာပေါ့။ ဒီစစ်ပညာသင်ကြားပေးတဲ့ အခါမှာလည်း ပင်ပန်းမှုတော့ နည်းနည်းရှိတာပေါ့။ ကျွန်တော်ကတော့ နိုင်ငံ့သားကောင်းတစ်ယောက်အနေနဲ့ တပ်မတော်နဲ့ နိုင်ငံတော်အတွက် အကောင်းဆုံးဖြစ်အောင် ကြိုးစားသွားပါမယ်လို့ ကျွန်တော် ဆုံးဖြတ်ချက် ချထားပါတယ်။ နောက်တစ်ခုက နိုင်ငံတော်က ပေးအပ်တဲ့ တာဝန်တွေပြီးရင် တပ်မတော်ကပေးအပ်တဲ့ တာဝန်တွေကို ကျေပွန်စွာထမ်းဆောင်သွားပါမယ်လို့ ကျွန်တော့်အနေနဲ့ စိတ်ဆုံးဖြတ်ချက်လည်း ချထားပါတယ်။ ဒီသင်တန်းကို နောက်ထပ်လာရောက်မယ့် ညီအစ်ကိုတွေ အကုန်လုံးကိုလည်း ဖိတ်ခေါ်ချင်ပါတယ်။ ဒီပြည်သူ့ စစ်မှုထမ်းသင်တန်းကို တက်ရောက်ရတဲ့အတွက်ကြောင့် အကျိုးကျေးဇူးတွေလည်း အများကြီးရှိပါတယ်။ အဲဒါတွေက ဘာတွေလဲဆိုရင် ကျွန်တော်တို့အပြင်မှာ နေထိုင်တဲ့ လူနေမှုဘဝပုံစံအတိုင်းမဟုတ်ဘဲနဲ့ လူတစ်ယောက်ဟာ စည်းစနစ်ကျကျစည်းကမ်းတကျနဲ့ နေထိုင်တတ်သွားမယ်။ ကိုယ်လုပ်ရမယ့် အလုပ်တာဝန်တစ်ခုကို တာဝန်ယူစိတ်၊ တာဝန်ရှိစိတ်အပြည့်နဲ့ လုပ်ဆောင်နိုင်မယ်။ ကိုယ်ပိုင်အသိ၊ ကိုယ်ပိုင်ဆုံးဖြတ်ဉာဏ်နဲ့ စဉ်းစား နိုင်မယ်လို့လည်း ကျွန်တော် ခံယူထားပါတယ်ခင်ဗျာ။

**သတင်းစဉ်**





## ငြိမ်းချမ်းရေးတံတား

❀ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာနဲ့
အရင်းအချာ မွန်၊ ရခိုင်၊ ရှမ်းရယ်တို့
တစ်စိတ်တစ်ဝမ်းတည်း ချစ်ကြည်။
ပဝေသဏီက
အခြေတည် ဘိုးဘွားအစဉ်အဆက်
ဆင်းသက်ခဲ့သည်။
အမွေခံ သားသမီးတွေက
ပွားစီးလို့ အင်အားတည်
ထင်ရှားစည် ခံ့ညား။
ထာဝရတည် နှစ်ပရိစ္ဆေဒ
ကာလရှည်လျား။

❀ နယ်ချဲ့ကောင် ကုလားဖန်ထိုးလို့
အကြံဆိုး ကြံစည်ကာ။
တို့နိုင်ငံ လက်ဝါးကြီးအုပ်
ကုပ်သွေးစုပ်လာ။
ကျွန်အဖြစ်ရယ်နဲ့
နှံ့နစ်တဲ့ အရေးထဲမှာ
သွေးခွဲကာ သဝေထိုး။
တို့ညီအစ်ကို မောင်နှမများကို
ကြားလေဝင်တိုး။

❀ နယ်ချဲ့ကောင် သွေးထိုးညစ်
ဘေးဆိုးဖြစ် ဆိုးအမွေ။
တို့ညီအစ်ကို မောင်နှမအရင်းရဲ့
ချစ်ခြင်းကိုမွှေ။
သံသယအမှားရယ်နဲ့
ရန်စပွား ဆူပူနေ
ပြည်သူတွေ ဒုက္ခထဲ။
တို့နိုင်ငံ ဖွံ့ဖြိုးရေးကလည်း
နှောင့်နှေးဖင့်နွဲ။

❀ တို့နိုင်ငံ စည်သာအေးလို့
ပြည်ရွာအရေး ဖွံ့ဖြိုးရန်။
တို့ညီအစ်ကို မောင်နှမများက
စိတ်အားထက်သန်။
ငြိမ်းချမ်းရေး တံတားခင်းတဲ့
သားချင်းတို့ အားမာန်
ပွားညာဏ်ဆင့် အသိနိုး။
စိမ်းလန်းအေးစေတဲ့
ငြိမ်းချမ်းရေးအမွေ လက်ဆင့်ကမ်း
ထမ်းရွက်သယ်ပိုး။ ။

{NCA (၁၀)နှစ်ပြည့် နှစ်ပတ်လည်နေ့ကို ကြိုဆိုဂုဏ်ပြုပါ၏။}

**ရေနံ့သာမောင်ကျော်ညွန့်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဆေးဝါးစက်ရုံ (အင်းစိန်) ကြည့်ရှုစစ်ဆေး



**နေပြည်တော် အောက်တိုဘာ ၁၀**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ မွန်းလွဲပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ အင်းစိန်မြို့နယ်ရှိ ဆေးဝါး စက်ရုံ (အင်းစိန်)၌ သွေးကြောသွင်းဆေးရည် ထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက်စက်ရုံ၏ဆေးဝါးသမိုင်းပြခန်းအစည်း အဝေးခန်းမ၌ ကြီးကြပ်မှုအောက်ရှိ စက်မှုလုပ်ငန်း များမှ အထွေထွေမန်နေဂျာများ၊ ဆေးဝါးစက်ရုံ (အင်းစိန်)၏ စက်ရုံတာဝန်ခံ၊ စက်ရုံရှိ ဌာနကြီးမှူး များနှင့် တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဆေးဝါး စက်ရုံ(အင်းစိန်)သည် BPI ကိုယ်ပိုင် အမှတ်တံဆိပ် ဖြင့် ကိုယ်ပိုင် Formula ဆေးဖော်စပ်နည်းများ အသုံးပြု၍ ဆေးဝါးများကို ထုတ်လုပ်ဆောင်ရွက် နေသော Original Brand Manufacturer ဖြစ်ကြောင်း၊ BPI အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သည့် ဆေးဝါးများသည် အရည်အသွေးပြည့်ဝမှု၊ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အာနိသင်ထက်မြက်မှု ရှိရန် အထူးအရေးကြီးကြောင်း။

ထို့ပြင် လုပ်ငန်းရှင်များကို ဖိတ်ခေါ်၍ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု (PPP) စနစ်ဖြင့် ဆေးဝါးများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်သွားရမည် ဖြစ်ကြောင်း၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှု ပုံစံဖြင့် ဆေးဝါးများ ထုတ်လုပ်နိုင်ရေး ဆောင်ရွက်ရာ တွင် လုပ်ထုံးလုပ်နည်းများနှင့်အညီ မြန်မြန်ဆန်ဆန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဆေးဝါးစက်ရုံများ အနေဖြင့် လူအများ၏ အသက်ကိုကယ်တင်သည့် ဆေးဝါးများကို ထုတ်လုပ်ပေးနေခြင်းဖြစ်သည့် အတွက် ဆေးဝါးထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့် တိုင်းအား အထူးဂရုပြု၍ အလေးထားဆောင်ရွက် ကြရမည်ဖြစ်ကြောင်း မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းများ၌ သင်တန်းဆင်းပွဲများကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၀**

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေး ဦးစီး ဌာန ကွပ်ကဲမှုအောက်ရှိအမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း ၁၇ ကျောင်းတို့၌ မေ ၁၂ ရက်မှ အောက်တိုဘာ ၁၀ ရက်ထိ ဖွင့်လှစ် ခဲ့သော အဆင့်မြင့် အိမ်တွင်းမှု စက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ် သင်တန်း၊ အခြေခံလက်ရက်ကန်း သင်တန်းများနှင့်အတူ အမျိုးသမီး အိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း (ဘားအံ၊ ပုသိမ်)တို့တွင် ဟိုတယ်ဝန်ဆောင် မှုဆိုင်ရာ သင်တန်းများဖြစ်သည့် ဧည့်ကြို၊ အိပ်ခန်းဆောင်၊ အစားအစာနှင့် အဖျော်ယမကာ ဝန်ဆောင်မှု သင်တန်းဆင်းပွဲများ ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပ ရာ ဘားအံမြို့ သင်တန်းကျောင်း တွင် ကရင်ပြည်နယ်ဝန်ကြီးချုပ်



ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦး အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ဘားအံ) သင်တန်းဆင်းပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ဦးစောမြင့်ဦး တက်ရောက်၍ သင်တန်း ဆင်း အမှာစကား ပြောကြားသည်။

အလားတူ အဆင့်မြင့် စက်ချုပ် သင်တန်းဆင်းပွဲများကို လှိုင်ကော်မြို့ သင်တန်းကျောင်း တွင် ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်၊ ကျိုင်းတုံမြို့ သင်တန်းကျောင်းတွင် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးလှိုင်၊ မြိုင်ကြီးငူမြို့ သင်တန်းကျောင်းတွင် ကရင် ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး မင်းသူကျော်၊ မုဒုံမြို့ သင်တန်း ကျောင်းတွင် မွန်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်၊ ဆိုက်ခေါင် သင်တန်းကျောင်းတွင် ရှမ်းပြည်နယ် တိုင်းရင်းသား ရေးရာ ဝန်ကြီး ဦးအောင်ကြည်ဝင်း တို့ တက်ရောက်ကြပြီး ကျန်တိုင်း ဒေသကြီး / ပြည်နယ်များရှိ အမျိုးသမီး အိမ်တွင်းမှုသက်မွေး လုပ်ငန်း ပညာသင်တန်းကျောင်း များ၌ နယ်စပ်ရေးရာ ဝန်ကြီးဌာန ကွပ်ကဲမှုအောက် ဦးစီးဌာနများမှ တိုင်းဒေသကြီး/ ပြည်နယ်ဦးစီးမှူး များနှင့် ခရိုင်၊ မြို့နယ်စီမံခန့်ခွဲရေး နှင့် အုပ်ချုပ်ရေး ကော်မတီများမှ တာဝန်ရှိသူများတက်ရောက်ကြ သည်။

အဆိုပါ သင်တန်းများတွင် နယ်စပ်ဒေသအပါအဝင် အလုပ် အကိုင်အခွင့်အလမ်း နည်းပါး သော ဒေသများမှ တိုင်းရင်းသား အမျိုးသမီးငယ်များအား နေထိုင် စားသောက်ရေးနှင့်သင်ထောက်ကူ ပစ္စည်းများကို စရိတ်ငြိမ်းဖြင့် စာတွေ့၊လက်တွေ့ သင်ကြားပေး ခြင်း၊ သင်တန်းပြီးဆုံးပါက ကိုယ်ပိုင်လုပ်ငန်း လုပ်ကိုင်နိုင်ရန် အပ်ချုပ်စက်များကို အရစ်ကျ ရောင်းချပေးပြီး ရန်ကုန်၊ မန္တလေး စသည့် မြို့ကြီးများရှိ အထည်ချုပ် စက်ရုံများတွင် ဝင်ရောက်လုပ်ကိုင် နိုင်သည်အထိ အလုပ်အကိုင်ရရှိ ရေး ချိတ်ဆက်ပေးခြင်း၊ သင်တန်း ထူးချွန်ဆုရရှိသူများအား အပ်ချုပ် စက် တစ်စုံစီ ဆုချီးမြှင့်ပေးခြင်းနှင့် ဟိုတယ်ဝန်ဆောင်မှု ဆိုင်ရာ သင်တန်းဆင်းပြီးသူများကိုလည်း ဟိုတယ်ဇုန်များတွင် ဝင်ရောက် လုပ်ကိုင်နိုင်ရေး ချိတ်ဆက်ပေးခြင်း များ ဆောင်ရွက်ပေးလျက်ရှိသည်။

အမျိုးသမီးအိမ်တွင်းမှုသက်မွေး လုပ်ငန်း ပညာသင်တန်းကျောင်း ၁၇ ကျောင်းတွင် မေ ၁၂ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိ ရက်သတ္တ ၂၂ ပတ်ကြာ ဖွင့်လှစ် သင်ကြားပေးခဲ့သော အဆင့်မြင့် အိမ်တွင်းမှု စက်ချုပ်သင်တန်း၊ ရိုးရာဂျပ်ခုတ်သင်တန်း၊ အခြေခံ လက်ရက်ကန်း သင်တန်း၊ ဟိုတယ်ဝန်ဆောင်မှု ဆိုင်ရာ သင်တန်းများသို့ သင်တန်းသား သင်တန်းသူ ၄၈၇ ဦး တက် ရောက်ခဲ့ကြပြီး ဘဏ္ဍာနှစ်တစ်နှစ် လျှင် သင်တန်းနှစ်ကြိမ် ဖွင့်လှစ် ပေးလျက်ရှိရာ သင်တန်းကျောင်း များ စတင်ဖွင့်လှစ်ချိန်မှ ယခု သင်တန်းအထိ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၉၇၇၇၈ ဦး သင်ကြားလေ့ကျင့် မွေးထုတ်ပေး ခဲ့ပြီး အလုပ်အကိုင်အခွင့်အလမ်း များ ဖန်တီးပေးခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# ဓနုဖြူမြို့နယ်၌ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးအန္တရာယ် လုံခြုံရေးကွင်းဆင်းစစ်ဆေး

**ဓနုဖြူ အောက်တိုဘာ ၁၀**

ဧရာဝတီ တိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်၌ စက်သုံးဆီ အရောင်းဆိုင်များ မီးဘေးအန္တရာယ် လုံခြုံရေး အသိပညာပေးခြင်းနှင့် မီးငြိမ်း သတ်ရေးပစ္စည်းများ ကောင်းမွန် မှုရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်းကို ယနေ့ မွန်းလွဲ ၃ နာရီက အုန်းပင်ကွင်း ကျေးရွာအုပ်စုရှိ စူပါအောင် စက်သုံးဆီဆိုင်၌ ကွင်းဆင်းစစ်ဆေးသည်။



အဆိုပါ ကွင်းဆင်းစစ်ဆေးခြင်း ကို ဓနုဖြူမြို့နယ် မီးသတ်ဦးစီး ဌာန လက်ထောက်မီးသတ်ဦးစီး မှူး ဦးဝင်းလှိုင် ဦးဆောင်မှုဖြင့် တပ်ဖွဲ့ဝင်များက မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် ကြိုတင် ပြင်ဆင် ဆောင်ရွက်ထားရမည့် လုပ်ငန်းများ၊ လိုက်နာဆောင်ရွက် ရမည့်အချက်များ၊ မီးဘေး အန္တရာယ် ဖြစ်ပေါ်လာပါက အလျင်အမြန် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ မီးသတ်ဆေးဘူး အသုံးပြုနည်းများကို အသိပညာ ပေးဟောပြောပြီး မီးသတ်ဆေးဘူး ထားရှိမှုများနှင့် မီးငြိမ်းသတ်ရေး ပစ္စည်းများ ကောင်းမွန်မှုရှိ/မရှိ စမ်းသပ် စစ်ဆေးခဲ့ကြကြောင်း သိရသည်။

**အောင်ပြည့်ဖြိုးဇော်(ပြန်/ဆက်)**

# မြို့ပြရှာဖွေကယ်ဆယ်ရေးဖွဲ့စည်းနိုင်ရန် ကြိုတင်ပြင်ဆင်လေ့ကျင့်မှု သင်တန်းဆင်းပွဲ ကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၀**

ရန်ကုန် တိုင်းဒေသကြီး သဃ်န်းကျွန်းခရိုင် တောင် ဥက္ကလာပမြို့နယ် မီးသတ်ဦးစီး မှူးရုံး အစည်းအဝေးခန်းမ၌ ယနေ့နံနက်ပိုင်းက မြို့ပြ ရှာဖွေကယ်ဆယ်ရေး ဖွဲ့စည်း နိုင်ရန် ကြိုတင်ပြင်ဆင် လေ့ကျင့်မှု သင်တန်းဆင်းပွဲ ပြုလုပ်သည်။



**သင်တန်းဆင်းလက်မှတ်ပေးအပ်**

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးရုံးမှ ညွှန်ကြားရေး မှူး ဦးမင်းစမ်းအေးက အမှာ စကားပြောကြားပြီး မြို့ပြရှာဖွေ ကယ်ဆယ်ရေး (Light Urban Search And Rescue Team) ဖွဲ့စည်းနိုင်ရန် ကြိုတင်ပြင်ဆင် လေ့ကျင့်မှုသင်တန်းမှ သင်တန်း သားများအား သင်တန်းဆင်း လက်မှတ် ပေးအပ်သည်။

အဆိုပါ သင်တန်းကို စက်တင်ဘာ ၁၅ ရက်မှ အောက်တိုဘာ ၁၀ ရက်အထိ ရက် သတ္တ လေးပတ်ကြာ သင်တန်း သား ၂၀ ဖြင့် ဖွင့်လှစ်သင်ကြား ခဲ့ကြောင်း သိရသည်။

**ခင်ဆွေနှင်း(ပြန်/ဆက်)**

# မဲပေးပိုင်ခွင့်ရှိသူတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေး အလေးထားကြိုးပမ်းဆောင်ရွက်





**နေပြည်တော် အောက်တိုဘာ ၁၀**

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှု ဗဟိုကော်မတီ အစည်းအဝေး (၄/၂၀၂၅)ကို ယနေ့နံနက် ၉ နာရီခွဲက နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှု ဗဟိုကော်မတီဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ နေပြည်တော် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ ကြီးကြပ်မှု ဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးအောင်လွင်ဦး၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး ကြီးကြပ်မှု ဗဟိုကော်မတီဝင် တိုင်းဒေသကြီး/ပြည်နယ် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ ဖြစ်ကြသည့် ဝန်ကြီးချုပ်များနှင့် ကော်မတီဝင်ကိုယ်စားလှယ်များက သက်ဆိုင်ရာနယ်မြေများမှ ဗီဒီယိုကွန်ဖရင့်ဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ပြီးခဲ့သည့် စက်တင်ဘာ ၃၀ ရက်မှစ၍ ပထမအကြိမ် မဲဆန္ဒရှင်စာရင်းကို သက်ဆိုင်ရာ မြို့နယ်များအလိုက် ထုတ်ပြန်ကြေညာခဲ့ပြီး အချို့ဒေသများ၌ မဲစာရင်းမပြည့်စုံမှု၊ အချက်အလက်ကွဲလွဲမှုနှင့် လိုအပ်ချက်များ အနည်းငယ်ရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ ပြည်သူများအနေဖြင့် မိမိအမည် မဲစာရင်းတွင် ပါ/မပါ၊ အချက်အလက် ပြည့်စုံမှန်ကန်မှု ရှိ/မရှိ မဲစာရင်း ထုတ်ပြန်ကြေညာထားသည့် နေရာများသို့ လာရောက်ကြည့်ရှုနိုင်ရေးနှင့် ပြင်ဆင်ဖြည့်စွက်ရန် လိုအပ်ချက်များရှိပါက ကာယကံရှင်အနေဖြင့် ရွေးကောက်ပွဲ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ သတ်မှတ်ပုံစံများဖြင့် ဖြည့်စွက်ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ထိထိရောက်ရောက် နှိုးဆော်အသိပေးကြရန် လိုအပ်ပါကြောင်း၊ လက်ရှိအတည်ပြု လူဦးရေစာရင်းတွင် ဌာနဆိုင်ရာဝန်ထမ်းအချို့နှင့် အကြောင်းအမျိုးမျိုးကြောင့် ရွှေ့ပြောင်းနေထိုင်သူများသည် ပြောင်းရွှေ့နေထိုင်ရာဒေသသို့ အိမ်ထောင်စုလူဦးရေစာရင်း ပြောင်းရွှေ့ဝင်ရောက်မှုမရှိသေးသည့်အတွက် မဲစာရင်းပြုစုရာတွင် ကျန်ရှိနေခြင်း၊ ကွဲလွဲနေခြင်းဖြစ်ပါကြောင်း၊ ယင်းတို့ကို ရွေးကောက်ပွဲနည်းဥပဒေပါ သတ်မှတ်ပုံစံများဖြည့်စွက်၍ မဲစာရင်းတွင် ပါရှိစေရေး၊ အချက်အလက် ကွဲလွဲမှုမရှိစေရေး ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း။

**ရှင်းလင်းပြောကြား**

ထို့ပြင် မဲပေးပိုင်ခွင့်ရှိသူတိုင်း ကိုင်ဆောင်ကတ်ပြားတစ်မျိုးမျိုး ရရှိကိုင်ဆောင်နိုင်ရေး အတွက် သက်ဆိုင်ရာ ကော်မတီအဆင့်ဆင့်က ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပေးနိုင်ရေး အလေးထားကြပ်မတ် ဆောင်ရွက်ပေးကြရမည်ဖြစ်ပါကြောင်း၊ မဲစာရင်းတွင် မဲပေးပိုင်ခွင့်ရှိသူတိုင်း ပါဝင်မှုရှိစေရေးနှင့် မဲပေးပိုင်ခွင့်မရှိသူများ မပါဝင်စေရေးအတွက် မိမိတို့မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီအဆင့်ဆင့်က အလေးထားကြပ်မတ် စိစစ်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း မထုတ်ပြန်မီ ပထမအကြိမ် မဲစာရင်းထုတ်ပြန်မှု၏ လိုအပ်ချက်များ၊ မပြည့်စုံမှုများအပေါ် အောက်ခြေမြို့နယ်အဆင့်၊ မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေး ကြီးကြပ်မှုကော်မတီမှစ၍ အချိန်နှင့်တစ်ပြေးညီ စနစ်တကျ စိစစ်ပြင်ဆင် ဖြည့်စွက်အတည်ပြုပြီး အဆင့်ဆင့် ကြပ်မတ်ကြီးကြပ်စိစစ်အတည်ပြုပြီး လက်ရှိအသက်(၁၈)နှစ်နှင့် အထက်အတည်ပြု လူဦးရေစာရင်းအား ဗဟိုကော်မတီသို့ သတ်မှတ်ရက်အရောက် ပြုစုပေးပို့ကြရန်နှင့် ဗဟိုကော်မတီမှ အထက်အဆင့်ဆင့်သို့ တင်ပြခွင့်ပြုချက်ရယူ၍ ဒုတိယအကြိမ် မဲစာရင်းပြုစု ထုတ်ပြန်နိုင်ရေးအတွက် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ထံ ဆက်လက်ပေးပို့ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီး/ပြည်နယ် ဝန်ကြီးချုပ်များ၊ ကော်မတီဝင်ကိုယ်စားလှယ်များနှင့် တာဝန်ရှိသူများက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ပထမအကြိမ် မဲဆန္ဒရှင်စာရင်းထုတ်ပြန်ကြေညာရာတွင် တွေ့ကြုံရသည့် လုပ်ငန်းအခက်အခဲများ၊ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်းပြည့်စုံမှန်ကန်စွာ ထုတ်ပြန်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေ၊ အတည်ပြုလူဦးရေစာရင်းအား သတ်မှတ်ကာလအတွင်း စိစစ်အတည်ပြုပေးပို့ဆောင်ရွက်မည့် အခြေအနေနှင့် ပန်းခင်းစီမံချက် ဆက်လက်ဆောင်ရွက်မည့် အခြေအနေ၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ၊ မဲစာရင်း ပြည့်စုံမှန်ကန်ရေးအတွက် လုပ်ငန်းလိုအပ်ချက်များအပေါ် ဌာနအလိုက် ပံ့ပိုးကူညီပူးပေါင်း ဆောင်ရွက်သွားမည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

တင်ပြချက်များ အပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မရမ်းကုန်းမြို့နယ်၌ အင်းစိန်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်များ ကွင်းဆင်းဆေးကုသမှုဆောင်ရွက်

**မရမ်းကုန်း အောက်တိုဘာ ၁၀**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁)ရပ်ကွက် ပဋ္ဌာန်းမြတ်ဂုဏ်သာသနာ့ဓမ္မာရုံအတွင်းရှိ ဇေယျာတုမင်္ဂလာခန်းမ၌ ယနေ့နံနက် ၈ နာရီက ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်ချက်ဖြင့် အင်းစိန်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီးများက ကွင်းဆင်းဆေးကုသခြင်းဆောင်ရွက်သည်။

ထိုသို့ ကုသဆောင်ရွက်ပေးရာတွင် အသက် ၁၂ နှစ်အောက်ကလေးများအတွက် ရောဂါကုသပေးခြင်း၊ အသက် ၁၂ နှစ်အထက် ရောဂါဝေဒနာရှင်များအား အထွေထွေသမားတော်များက ကုသပေးခြင်း၊ နား၊ နှာခေါင်း၊ လည်ချောင်းဆိုင်ရာ ရောဂါဝေဒနာရှင်များ၊ မျက်စိရောဂါဆိုင်ရာ ဝေဒနာရှင်များ၊ အရိုးရောဂါဆိုင်ရာ ဝေဒနာရှင်များ၊ သားဖွားမီးယပ်၊ အရေပြားဆိုင်ရာရောဂါ ဝေဒနာရှင်များ၊ သွားနှင့်ခံတွင်းဆိုင်ရာ ရောဂါဝေဒနာရှင်များ၊ ခွဲစိတ်ကုသခြင်းဆိုင်ရာ ကုသမှုလိုအပ်နေသော ဝေဒနာရှင်များအား အခမဲ့ဆေးကုသမှုဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၅ ဦးနှင့် ရပ်/ကျေးအဖွဲ့ဝင်များက ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြရာ အင်းစိန်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာခင်သိင်္ဂီမြင့်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း(ပြန်/ဆက်)**



# ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



**နေပြည်တော် အောက်တိုဘာ ၁၀**

"၂၀၂၅ ခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့" အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန(ရုံးအမှတ်-၄) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် မိတ်ဖက် အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ခန့်မှန်းဖော်ပြချက်အရ ကမ္ဘာပေါ်ရှိ လူဦးရေ တစ်ဘီလီယံခန့်သည် အမြင်အာရုံထိခိုက်မှု ခံစားနေကြရပြီး ၉၀ ရာခိုင်နှုန်းသည် ဖွံ့ဖြိုးဆဲနိုင်ငံများမှဖြစ်ကြောင်း၊ အမြင်အာရုံထိခိုက်မှု၏ ၈၀ ရာခိုင်နှုန်းသည် ကာကွယ်ကုသနိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် မျက်စိမမြင်ခြင်းကို ဖြစ်စေနိုင်သော ရောဂါများအနေဖြင့် အတွင်းတိမ်ရောဂါ၊ မျက်မှန်လိုအပ်ခြင်း၊ ထိခိုက်ဒဏ်ရာရခြင်း၊ ရေတိမ်ရောဂါနှင့် ဆီးချို၊ သွေးတိုးရောဂါတို့ကြောင့် ဖြစ်စေနိုင်ကြောင်း၊ မြန်မာနိုင်ငံတွင် မျက်ခမ်းစပ်ရောဂါ ကင်းဝေးကြောင်း(Trachoma Elimination in Myanmar)ကို ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် ကြေညာပေးခဲ့ပြီးဖြစ်ကြောင်း။

မျက်ခမ်းစပ်ကဲ့သို့ ကူးစက်နိုင်သောမျက်စိရောဂါများ လျော့နည်းသွားသော်လည်း ဆီးချို၊ သွေးတိုးရောဂါများ၏ နောက်ဆက်တွဲ မျက်စိရောဂါပြဿနာများ ဦးမော့မလာစေရေးအတွက် မကူးစက်နိုင်သောရောဂါများ ကာကွယ်ကုသရေးကို တိုးမြှင့်ဆောင်ရွက်လျက်ရှိသည့်အပြင် ကလေးငယ်များ မျက်စိကျန်းမာရေးအတွက် ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များတွင် မျက်စိကျန်းမာရေး စစ်ဆေးခြင်းကို ထည့်သွင်းဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတွင် အဖြစ်အများဆုံး မျက်စိရောဂါဖြစ်သော အတွင်းတိမ်ရောဂါ လျော့နည်းကျဆင်းစေရေးအတွက် အတွင်းတိမ်ခွဲစိတ်ခြင်းကို ဆေးရုံများ၌သာမက ကွင်းဆင်းကုသမှုအနေဖြင့် ကွင်းဆင်း အတွင်းတိမ်ခွဲစိတ်ခြင်း (Outreach Cataract Surgery)ကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခုနှစ် ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့ ဆောင်ပုဒ်သည် "Love Your Eyes" "အမြင်အာရုံကောင်းစေဖို့ အသိပညာမျှဝေလို့ မျက်စိကျန်းမာရေးအလေးပေးစို့" ဖြစ်ကြောင်း၊ မျက်စိကျန်းမာရေးဆိုင်ရာ ဗဟုသုတများ ရရှိလာစေရေးအတွက် အတွေ့အကြုံများကို မျှဝေပေးခြင်းဖြင့် လူတစ်ဦးချင်းစီတိုင်း အမြင်အာရုံကို ဦးစားပေးတန်ဖိုးထားတတ်ပြီး ပုံမှန်မျက်စိစစ်ဆေးခြင်း၊ ရောဂါရှာဖွေခြင်းများကို ပြုလုပ်လာစေရေး၊ မျက်စိကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို လူတိုင်းလက်လှမ်းမီစွာရရှိစေရေးအတွက် ဝိုင်းဝန်းပံ့ပိုးပေးကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အထိမ်းအမှတ် ပြခန်းငယ်ကို လှည့်လည်ကြည့်ရှုပြီး မျက်စိကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းနှင့် မျက်မှန်များ ထောက်ပံ့ပေးခြင်း အစီအစဉ်ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ အထူးပြုဘာသာရပ်များ မိတ်ဆက်ခြင်း အခမ်းအနားကျင်းပ





ထားဝယ် အောက်တိုဘာ ၁၀

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်တက္ကသိုလ်၏ Grade-12 ကျောင်းသား ကျောင်းသူများအတွက် အထူးပြုဘာသာရပ်များ မိတ်ဆက်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ထားဝယ်တက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ ဌာနမှူးများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ထားဝယ်တက္ကသိုလ်မှ ဆရာ ဆရာမများက မြကျွန်းညိုညိုတေးသီချင်းဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းသား ကျောင်းသူများအနေဖြင့် မြန်မာ့ပညာရေးမျှော်မှန်းချက်နှင့်အညီ အသိပညာ၊ တွေးခေါ်မြော်မြင်မှုနှင့် ဆင်ခြင်တုံတရားမြင့်မားပြီး ဗလငါးတန်နှင့်ပြည့်စုံသော လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်လာစေရန်အတွက် လူတစ်ဦးချင်းစီ၏ဘာသာရပ်ဆိုင်ရာ၊ နည်းပညာဆိုင်ရာကျွမ်းကျင်တတ်မြောက်မှုကိုသာမက ၂၁ ရာစုကျွမ်းကျင်မှုများနှင့် ကိုယ်ရည်ကိုယ်သွေးများကို ဘက်စုံမြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ စဉ်းစားသုံးသပ်တွေးခေါ်မှု၊ ပြဿနာဖြေရှင်းမှု၊ တီထွင်ဖန်တီးမှု၊ ဆန်းစစ်အကဲဖြတ်မှု၊ ပိုင်းခြားစိတ်ဖြာသုံးသပ်မှု၊ ပူးပေါင်းဆောင်ရွက်မှု၊ အလိုက်သင့်ဆောင်ရွက်တတ်မှု၊ လူမှုဆက်ဆံရေး၊ စိတ်ခံစားချက်နားလည်မှု၊ တရားမျှတမှု၊ လောကနီတိဆိုင်ရာအပြုအမူနှင့် ဦးဆောင်တတ်မှု အစရှိသည့် ဘက်စုံကျယ်ပြန့်သော အရည်အသွေးများ၊ စွမ်းရည်များ၊ ကိုယ်ရည်ကိုယ်သွေးများ၊ အသိပညာ၊ အတတ်ပညာများကို ဘက်စုံပြည့်စုံစေရေးအတွက် နိုင်ငံတကာခေတ်မီသင်ရိုးညွှန်းတမ်းများနှင့် လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း၊ ပညာ၏တန်ဖိုးကို သိနားလည်ကာ ပညာပြည့်ဝနှလုံးလှသူများဖြစ်အောင် တက္ကသိုလ်၏ အဆင့်မြင့်ပညာရပ်များကို လေ့လာဆည်းပူးကြရန်နှင့် မိမိတို့အနာဂတ်ဘဝခရီးတစ်လျှောက် လုပတင့်တယ်အောင်လျှောက်လှမ်းကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ယင်းနောက် ထားဝယ်တက္ကသိုလ်၏ ပညာသင်နှစ် တစ်နှစ်တာ လှုပ်ရှားဆောင်ရွက်မှု မှတ်တမ်းများကို ပြသပြီး ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများက ဘာသာရပ်အလိုက် မိတ်ဆက်ကာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက တေးသီချင်းများ၊ အကများဖြင့် သီဆိုကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ပြင်ဦးလွင်မြို့၌ Grade – 12 ကျောင်းသား ကျောင်းသူများအား ဘာသာရပ်ဆိုင်ရာမိတ်ဆက်ပွဲ ကျင်းပ

ပြင်ဦးလွင် အောက်တိုဘာ ၁၀

မန္တလေးတက္ကသိုလ်မှ ပါမောက္ခ ဆရာကြီး ဆရာမကြီးများက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်ရှိ Grade – 12 ကျောင်းသား ကျောင်းသူများအား ဘာသာရပ်နှင့်ပတ်သက်၍ မိတ်ဆက်ပွဲကို ယနေ့နံနက် ၉ နာရီက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ ဧရာဝတီခန်းမဆောင်၌ ကျင်းပသည်။

ဦးစွာ မန္တလေးတက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာ မင်းမင်းရီက အမှာစကားပြောကြားပြီး မြန်မာစာဌာန ပါမောက္ခ ဒေါက်တာသီတာဝင်း၊ အင်္ဂလိပ်စာဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာရောင်ခြည်ဦး၊ ပထဝီဝင်ပညာဌာန ပါမောက္ခ ဒေါက်တာလှကြည်၊ သမိုင်းပညာဌာန ပါမောက္ခ (ဌာနမှူး ) ဒေါက်တာရွှေသဇင်၊ ဒဿနိကဗေဒဌာန ပါမောက္ခ (ဌာနမှူး) ဒေါက်တာနုနုလွင်၊ အရှေ့တိုင်းပညာဌာန ပါမောက္ခ ဒေါက်တာထွေးထွေးကျော်၊ ခရီးသွားနှင့် ဧည့်ဝန်ဆောင်မှုပညာဌာန တွဲဖက်ပါမောက္ခ ဒေါက်တာသက်သက်ခိုင်တို့က သက်ဆိုင်ရာဘာသာရပ်တို့အား မိတ်ဆက်ခဲ့ကြရာ ကျောင်းသား ကျောင်းသူ ၃၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည် ။

**ခရိုင်(ပြန်/ဆက်)**

## မြင်းခြံတက္ကသိုလ်၌ ဘာသာရပ်ဆိုင်ရာအသိပညာပေးဆွေးနွေးပွဲ ကျင်းပ



မြင်းခြံ အောက်တိုဘာ ၁၀

မန္တလေးတိုင်း ဒေသကြီး မြင်းခြံခရိုင်အတွင်းရှိ Grade–12 တက်ရောက်နေသောကျောင်းသား ကျောင်းသူများအား မြင်းခြံတက္ကသိုလ်တွင် သင်ယူနိုင်မည့် ဘာသာရပ်ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲကို ယနေ့နံနက် ၉ နာရီတွင် အမှတ်(၄)အခြေခံပညာ အထက်တန်းကျောင်း စံပယ်ခန်းမ၌ ကျင်းပသည်။

တက္ကသိုလ်ဝင်တန်း အောင်မြင်သူများ မြင်းခြံတက္ကသိုလ်တွင် သင်ယူနိုင်မည့် မြန်မာစာ၊ အင်္ဂလိပ်စာ၊ ပထဝီဝင်၊ သမိုင်း၊ ဒဿနိကဗေဒ၊ အရှေ့တိုင်းပညာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ စသည့် ဘာသာရပ်ဆိုင်ရာ သိကောင်းစရာများကို သက်ဆိုင်ရာပါမောက္ခ (ဌာနမှူး)များနှင့် တွဲဖက်ပါမောက္ခ (ဌာနမှူး)များက ရှင်းလင်းပြောကြားဆွေးနွေးသည်။

ထို့နောက် တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းရာ သက်ဆိုင်ရာဘာသာရပ်အသီးသီးမှ ဆရာ ဆရာမများက ပြန်လည်ဆွေးနွေးပေးကြသည်။

အဆိုပါ ဘာသာရပ်ဆိုင်ရာ အသိပညာပေး ဆွေးနွေးပွဲသို့ မြင်းခြံခရိုင်အတွင်းရှိ အခြေခံပညာ အထက်တန်းကျောင်းများနှင့် ပုဂ္ဂလိကကျောင်းများမှ ကျောင်းသား ကျောင်းသူ ၃၄၈ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ချစ်ဦးနွေ(မြင်းခြံ)**

## မိတ္ထီလာမြို့၌ ဘာသာရပ်ဆိုင်ရာမိတ်ဆက်ပွဲ အခမ်းအနားကျင်းပ



မိတ္ထီလာ အောက်တိုဘာ ၁၀

မိတ္ထီလာမြို့၌ ၂၀၂၅–၂၀၂၆ ပညာသင်နှစ် ဘာသာရပ်ဆိုင်ရာ မိတ်ဆက်ပွဲအခမ်းအနားများကို အောက်တိုဘာ ၁၀ ရက်က အထက(၁) နှင့် အထက(၄)တို့၌ ကျင်းပသည်။

အခမ်းအနားတွင် အထက(၁) ၌ မိတ္ထီလာ၊ မလှိုင်၊ ဝမ်းတွင်းနှင့် သာစည်မြို့နယ်များမှ Grade–12 ကျောင်းသား ကျောင်းသူ ၅၀၀၊ အထက(၄) ၌ ရမည်းသင်းနှင့် ပျော်ဘွယ်မြို့နယ်တို့မှ Grade – 12 ကျောင်းသား ကျောင်းသူ ၂၀၀ တို့အား မိတ္ထီလာတက္ကသိုလ်မှ ဆရာ ဆရာများက ဘာသာရပ်ဆိုင်ရာများကို တစ်နေ့တာ မိတ်ဆက်ဆွေးနွေးပို့ချရာ မိတ္ထီလာခရိုင်ပညာရေးမှူးဒေါ်မော်မော်၊ ရမည်းသင်းခရိုင်ပညာရေးမှူး ဦးအောင်တင့်၊ သက်ဆိုင်ရာမြို့နယ်ပညာရေးမှူးများနှင့် ပညာရေးဌာနတာဝန်ရှိသူများက မိတ်ဆက်ဆွေးနွေးပို့ချမှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# လပွတ္တာမြို့၌ စက်ချုပ်သင်တန်းဆင်းပွဲ ကျင်းပ



လပွတ္တာ အောက်တိုဘာ ၁၀

ဧရာဝတီတိုင်း ဒေသကြီး လပွတ္တာမြို့နယ် (၃)မိုင်မြို့သစ်ရှိ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းတွင် ယနေ့နံနက် ၉ နာရီက အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းအမှတ်စဉ် (၁၀) သင်တန်းဆင်းပွဲ အခမ်းအနား ကျင်းပသည်။

### ဆုချီးမြှင့်

အခမ်းအနားတွင် ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးလွင်ကိုဦးက သင်တန်းဆင်းမိန့်ခွန်းပြောကြားခြင်း၊ သင်တန်းတွင် ထူးချွန်ဆုရရှိသူ အိမ်မဲမြို့နယ် ဝဲကြီးကုန်းအုပ်စုမှ နန့်သဇင်ဖြူအား ဆုချီးမြှင့်ခြင်း၊ သင်တန်းဆင်းအောင်လက်မှတ်အား ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီအဖွဲ့ဝင် ဒုတိယ ဗိုလ်မှူးကြီး အောင်ဖုန်းဟန်က ပေးအပ်ရာ သင်တန်းသူ ကိုယ်စားလှယ်တစ်ဦးက လက်ခံရယူသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်းမှ ကျောင်းအုပ်ဆရာမကြီးက သင်တန်းကျောင်းဆိုင်ရာ အချက်အလက်များနှင့် သင်တန်းတစ်ပတ်စဉ် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြပြီး သင်တန်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

နေပြည်တော် အောက်တိုဘာ ၁၀

ယနေ့နံနက် ၆ နာရီ ၅၈ မိနစ် ၀၈ စက္ကန့်အချိန်တွင် ဇွမြေငလျင်စခန်းမှ မြောက်ဘက် ၁၀၅ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (တောင်ကုတ်မြို့၏ အရှေ့မြောက်ဘက် ၂၆ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၁၉.၁၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄.၅၂ ဒီဂရီ၊ အနက် ၁၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၄ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

# ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်တွင် ဖျော်ဖြေတင်ဆက်၊ ရွှေတိဂုံဘုရားသို့ သွားရောက်ကြည်ညိုလေ့လာ





ဘယ်လာရုစ်နိုင်ငံမှ ဖျော်ဖြေရေးအဖွဲ့ ရွှေတိဂုံဘုရားတွင် ကြည်ညိုလေ့လာစဉ်။

**နေပြည်တော် အောက်တိုဘာ ၁၀**

မြန်မာ-ဘယ်လာရုစ်နှစ်နိုင်ငံ ချစ်ကြည်ရေး တိုးမြှင့်နိုင်ရန်အတွက် မြန်မာနိုင်ငံတွင် ရောက်ရှိနေသည့် ဘယ်လာရုစ်နိုင်ငံမှ တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr.Vladimir Sukolinsky ဦးဆောင်သည့် အဖွဲ့ဝင်လေးဦးတို့သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ကြည်ညိုလေ့လာကြသည်။

ဦးစွာ ဖျော်ဖြေရေးအဖွဲ့သည် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ ရောက်ရှိရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုကြပြီး ရွှေတိဂုံစေတီတော်မြတ်ကြီးအား ပန်း၊ ရေချမ်းနှင့်ဆီမီး ကပ်လှူပူဇော်ကြသည်။ ထို့နောက် ကျောက်စိမ်းဘုရားအား ဖူးမြော်ပြီး ဗုဒ္ဓဝင်ပြတိုက်အတွင်း ပြသထားရှိမှုအား စိတ်ပါဝင်စားစွာ အသေးစိတ်ကြည့်ရှုလေ့လာကြသည်။ ယင်းနောက် အောင်မြေတွင် အမှတ်တရစုပေါင်းဓာတ်ပုံရိုက်ပြီး မွေးနံထောင့်တွင် ရေသပ္ပာယ်ကြသည်။ ဆက်လက်၍ သာယာဝတီမင်း ခေါင်းလောင်းတော်အား ကြည့်ရှုလေ့လာကြပြီး အမှတ်တရပစ္စည်းအရောင်းဆိုင်တွင် အမှတ်တရပစ္စည်းများ ဝယ်ယူအားပေးကြသည်။

ညနေပိုင်းတွင် ဘယ်လာရုစ်တေးဂီတအဖွဲ့၏ တတိယမြောက် ချစ်ကြည်ရေးတေးဂီတဖျော်ဖြေပွဲကို ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်ရှိ RC Hall တွင် ကျင်းပရာ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ပါမောက္ခချုပ် ဒေါ်မေစန်းရီ၊ ရုရှား-မြန်မာချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ၊ ရုရှားသံရုံးမှ တာဝန်ရှိသူများ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။

အခမ်းအနားတွင် မြန်မာ - ရုရှားချစ်ကြည်ရေးအသင်း၏ ဒုတိယဥက္ကဋ္ဌ Mr. Alexander Ostrovsky က မိတ်ဆက်စကားပြောကြားသည်။ ထို့နောက် ဘယ်လာရုစ်နိုင်ငံမှ တေးဂီတပညာရှင်နှင့် တေးရေး/တေးဆို Mr.Vladimir Sukolinsky ဦးဆောင်၍ အဆိုရှင်များဖြစ်ကြသည့် Ms.Nadezhda Bryleva နှင့် Ms.Anzhelika Zaitseva တို့က ရုရှားနှင့် ဘယ်လာရုစ်တို့၏ ရိုးရာမေတ္တာအကြောင်း ဖွဲ့ဆိုထားသည့်တေးသီချင်း၊ ဘယ်လာရုစ်နှင့် မြန်မာ (၂၅) နှစ်ပြည့် ချစ်ကြည်ရေးအထိမ်းအမှတ်အဖြစ် ရေးဖွဲ့ထားသည့် တေးသီချင်း၊ သမိုင်းဝင်ပုဂံမြို့အကြောင်း ရေးဖွဲ့ထားသည့် တေးသီချင်း၊ ဘယ်လာရုစ်ရိုးရာ / ကာလပေါ်တေးသီချင်းများအပါအဝင် စုစုပေါင်း တေးသီချင်း ၁၇ ပုဒ်သီဆိုဖျော်ဖြေခဲ့ကြသည်။

ဖျော်ဖြေပွဲအပြီးတွင် နိုင်ငံခြားဘာသာတက္ကသိုလ်ပါမောက္ခချုပ် ဒေါ်မေစန်းရီက ကျေးဇူးတင်စကားပြောကြားပြီး ဘယ်လာရုစ်အနုပညာရှင်များအား ဂုဏ်ပြုလက်ဆောင်ခြင်း ပေးအပ်သည်။

အဆိုပါ ဖျော်ဖြေရေးအဖွဲ့သည် အောက်တိုဘာ ၅ ရက်တွင် မြန်မာနိုင်ငံသို့ ရောက်ရှိခဲ့ကြပြီး ယင်းနေ့ညပိုင်းတွင် မန္တလေးမြို့တော်ခန်းမ၌လည်းကောင်း၊ အောက်တိုဘာ ၆ ရက်ညပိုင်းတွင် ပြင်ဦးလွင်မြို့ရှိ တပ်မတော်နည်းပညာတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌လည်းကောင်း ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး ရန်ကုန်မြို့နှင့် နေပြည်တော်တို့တွင် မြန်မာ-ရုရှား-ဘယ်လာရုစ် သုံးနိုင်ငံဖျော်ဖြေပွဲကို ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# မွန်ပြည်နယ်ဝန်ကြီးချုပ် မော်လမြိုင်မြို့၌ အခွန်ဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ အခွန်ပညာပေးရှင်းလင်းပွဲအခမ်းအနား တက်ရောက်

**မော်လမြိုင် အောက်တိုဘာ ၁၀**

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများနှင့် ကုမ္ပဏီများအနေဖြင့် လိုက်နာရမည့် အခွန်ဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ အခွန်ပညာပေး ရှင်းလင်းပွဲ အခမ်းအနားကို ယမန်နေ့က မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည်။



**အမှာစကား ပြောကြား**

အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ပြည်သူတို့၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန် အသုံးစရိတ်များ သုံးစွဲသည့်နေရာတွင် အခွန်ကောက်ရငွေများဖြင့် အဓိကသုံးစွဲဆောင်ရွက်လျက်ရှိပြီး ရသင့်ရထိုက်သည့် အခွန်အကောက်ရငွေများ တိုးမြှင့်ရရှိရေးအတွက် ဆောင်ရွက်လျက် ရှိကြောင်း၊ ထို့ပြင် ကုမ္ပဏီအခွန်ထမ်း လုပ်ငန်းရှင်တို့၏ အကျိုးကိုရှေးရှု၍ တည်ဆဲဥပဒေနှင့်အညီ အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်နှင့် အခွန်လျှော့ပေါ့ခွင့်တို့ကိုလည်း စိစစ်ဆောင်ရွက် ခွင့်ပြုပေးလျက်ရှိကြောင်း၊ ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် MIC ကင်းလွတ်ခွင့် လျှောက်ထားရာတွင် လိုက်နာဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့် ခွင့်ပြုမိန့်ရရှိပါက ဆက်လက်ဆောင်ရွက်ရမည့် အခွန်ပိုင်းဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို သိရှိလိုက်နာမှတ်သားပြီး ဆောင်ရွက်စေလိုကြောင်း အမှာစကား ပြောကြားသည်။

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန မွန်ပြည်နယ် ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဦးတင်ထွန်းအောင်က ကုမ္ပဏီဖွဲ့စည်းတည်ထောင်ခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခွင့်အလမ်းများအား ရှင်းလင်းတင်ပြခြင်းနှင့် ကိုဗစ်-၁၉ ချေးငွေဆိုင်ရာ ကိစ္စရပ်များအား Power Point ဖြင့် ရှင်းလင်းတင်ပြပြီး ပြည်နယ်အခွန်ဦးစီးဌာနမှူး ဦးဝဏ္ဏစိန်ဂီက "MIC ကင်းလွတ်ခွင့် လျှောက်ထားသည့် ကုမ္ပဏီများအနေဖြင့် လိုက်နာရမည့် အခွန်ဆိုင်ရာကိစ္စရပ်များ" သိကောင်းစရာအား Power Point ဖြင့် အခွန်ပညာပေးရှင်းလင်းတင်ပြသည်။

**ရှင်းလင်းဖြေကြား**

ဆက်လက်၍ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ကုမ္ပဏီအခွန်ထမ်း လုပ်ငန်းရှင်များက သိရှိလိုသည်များကို မေးမြန်းခဲ့ကြရာ တာဝန်ရှိသူများက ပြန်လည် ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

❖ ကျောဖုံးမှ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင်များ၊ ပြပွဲဖြစ်မြောက်ရေး ပါဝင်ကူညီပံ့ပိုးပေးကြသော မြန်မာ-ဗီယက်နမ်ချစ်ကြည်ရေးအသင်း၊ မြန်မာနိုင်ငံ ပဲ၊ ပြောင်း၊ နှမ်းကုန်သည်အသင်း၊ မြန်မာနိုင်ငံ စားသောက်ကုန်ထုတ်လုပ်ရောင်းချသူများအသင်းနှင့် အခြားအသင်း အဖွဲ့များ၊ Sponsor အဖြစ် ကူညီပံ့ပိုးပေးသော Mytel အောင်ဘာလေ၊ TV 360 by Mytel၊ နိုင်ငံတကာစီးပွားရေးမြှင့်တင်ရေးဌာန (IBPC)၊ မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း (MAI)၊ မြန်မာနိုင်ငံခရီးသွားဘဏ်၊ မဟာရုပ်သံလိုင်းနှင့် အခြားဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ပြပွဲတွင် မြန်မာနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ကုန်ပစ္စည်းများကို ပြခန်းပေါင်း ၁၂၀ ခန့်ဖြင့် ကုန်ပစ္စည်းအမှတ်တံဆိပ်ပေါင်း ၁၀၀ ကျော်ကို ပြသခဲ့ရာ ယခုနှစ်တွင် ခရီးသွားလုပ်ငန်းနှင့် ခရီးသွားဝန်ဆောင်မှုကဏ္ဍကိုပါ တိုးချဲ့ပြသထားပြီး Travel Vietnam Pavilion (ဧရိယာ ၇၂ စတုရန်းမီတာ) တွင် မြန်မာနှင့် ဗီယက်နမ်မှ ခရီးသွားကုမ္ပဏီကြီးရှစ်ခု၏ ခရီးသွားအစီအစဉ်များ၊ လေယာဉ်လက်မှတ်များနှင့် ခရီးသွားဝန်ဆောင်မှုများကိုပြသထားသည်။ မြန်မာ-ဗီယက်နမ်ကုန်စည်ပြပွဲတွင် စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုနှင့် အိမ်သုံးမီးအားမြှင့်စက်များ၊ ကြွေထည်နှင့် မီးဖိုချောင်သုံးပစ္စည်း အမျိုးမျိုး၊ ဖိနပ်၊ အိုင်တီနည်းပညာများ၊ ဆိုလာ၊ အင်ဗာတာ၊ ဘက်ထရီ၊ ကော်ဖီ၊ ဖက်ရှင်အဝတ်အစားများ၊ လယ်ယာထွက်ကုန်ပစ္စည်းများနှင့် လက်မှုအနုပညာပစ္စည်းများကို ပြသခဲ့သည်။

အဆိုပါပြပွဲကို မြန်မာနိုင်ငံကုန်စည်ပြပွဲနှင့် ဆွေးနွေးပွဲများဆိုင်ရာလုပ်ငန်းအသင်းနှင့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးစီးပွားရေးဌာနတို့ ပူးပေါင်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

**နေရောင်အောက်က သက်ရှိတွေကို**
**စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် မာရီယာ ကိုရီနာမချာဒို ငြိမ်းချမ်းရေးနိုဘယ်ဆုရရှိ

ကာရာကတ် အောက်တိုဘာ ၁၀

ဗင်နီဇွဲလားအတိုက်အခံခေါင်းဆောင် မာရီယာ ကိုရီနာမချာဒိုအား ၂၀၂၅ ခုနှစ် ငြိမ်းချမ်းရေးနိုဘယ်ဆု ပေးအပ်ရန် ယနေ့တွင် နိုဘယ်ဆုရွေးချယ်ရေးကော်မတီက ရွေးချယ်ခဲ့ကြောင်း သိရသည်။ မချာဒိုသည် လက်တင်အမေရိကဒေသရှိ အရပ်သားဘက်ဆိုင်ရာ စွမ်းရည်သတ္တိပြသခဲ့သည့် စံနမူနာပြုရမည့်သူဖြစ်ကာ ဗင်နီဇွဲလားနိုင်ငံသားများအတွက် ဒီမိုကရေစီအခွင့်အရေးများ ရရှိစေရေး ကြိုးပမ်းဆောင်ရွက်ခဲ့သူအဖြစ် ဂုဏ်ပြုကြောင်း နိုဘယ်ဆုရွေးချယ်ရေးကော်မတီက ပြောကြားသည်။ ၂၀၂၄ ခုနှစ်တွင်ကျင်းပသည့် ဗင်နီဇွဲလား ရွေးကောက်ပွဲတွင် လက်ရှိသမ္မတ နီကိုးလက်စ်မဒူရို အနိုင်ရရှိခဲ့သည်။

မချာဒို၏ ငြိမ်းချမ်းရေးဆိုင်ရာ စွမ်းဆောင်ချက်များကြောင့် ငြိမ်းချမ်းရေး နိုဗယ်ဆုကို ချီးမြှင့်ပေးအပ်ခြင်းဖြစ်ကြောင်း နိုဘယ်ဆုရွေးချယ်ရေးကော်မတီက ပြောကြားသည်။

ယခုမိမိရရှိခဲ့သည့် ငြိမ်းချမ်းရေးနိုဘယ်ဆုသည် ဗင်နီဇွဲလားပြည်သူများကို ကိုယ်စားပြုကာ ရရှိခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ မိမိ၏ဆောင်ရွက်ချက်အပေါ် အသိအမှတ်ပြုသည့်အတွက် ဝမ်းမြောက်ကြောင်း ၎င်းက ပြောကြားသည်။

သို့ရာတွင် ဗင်နီဇွဲလားနိုင်ငံသားများအပေါ်ဖိနှိပ်သည့် အမေရိကန်၏ မူဝါဒအား ၎င်းက ကြိုဆိုခဲ့ခြင်းအပေါ် ထောက်ခံသူများက မေးခွန်းထုတ်နေသည့်အချိန်တွင် ယခုငြိမ်းချမ်းရေး နိုဘယ်ဆုကို ရရှိခဲ့ခြင်းဖြစ်သည်။

ကိုးကား- အေပီ

ဘာသာပြန်-စိုးသူရ

■



## မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)က ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သည့် ပုဗ္ဗသီရိမြို့နယ် ကံလှသိမ်တော်ကြီး အသစ်တည်ဆောက်



နေပြည်တော် အောက်တိုဘာ ၁၀

မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)က မန္တလေးငလျင်ဒဏ်သင့်နေအိမ်များ၊ သာသနိကအဆောက်အအုံများ၊ သီလရှင်ကျောင်းများ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးများတွင် တစ်တပ်တစ်အား ဝိုင်းဝန်းတည်ဆောက်လျက်ရှိသည်။

ယင်းသို့တည်ဆောက်ရာတွင် ပျဉ်းမနားမြို့နယ်ရှိ ပျက်စီးခဲ့သည့် ဘုန်းကြီးကျောင်းများ၊ သီလရှင်ကျောင်းနှင့် ဘိုးဘွားရိပ်သာတို့တွင်လည်း ပါဝင်လှူဒါန်းခဲ့ကာ မတ်လအတွင်းက ပြိုကျပျက်စီးခဲ့သည့် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ကံလှသိမ်တော်ကြီးအား စုပေါင်းကုသိုလ်အဖြစ် အသစ်ပြန်လည်တည်ဆောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကံလှသိမ်တော်ကြီး တည်ဆောက်နေမှုကို မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်း(ဗဟို)ဥက္ကဋ္ဌနှင့် အမှုဆောင်အဖွဲ့က အောက်တိုဘာ ၉ ရက်တွင် သွားရောက်ကြည့်ရှုစစ်ဆေးရာ ၉၀ ရာခိုင်နှုန်းခန့် လုပ်ငန်းပြီးစီးပြီဖြစ်ပြီး နိုဝင်ဘာလအတွင်း စုပေါင်းရေစက်ချလှူဒါန်းမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

ရန်ကင်း အောက်တိုဘာ ၁၀

ဆရာအတတ်ပညာရေးဦးစီးဌာန ရန်ကုန်ဇုန်(၂)ကျင်းပရေးကော်မတီက ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက တောင်ဥက္ကလာပမြို့နယ် ပဒေသာအားကစားရုံ၌ ကျင်းပသည်။

ပိုက်ကျော်ခြင်းပြိုင်ပွဲတွင် ပညာရေးဒီဂရီကောလိပ်ကျောင်းပေါင်းစုံ နှစ်ယောက်တွဲ၊ သုံးယောက်တွဲ၊ လေးယောက်တွဲများ ပါဝင်ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး ပြိုင်ပွဲကို အောက်တိုဘာ ၉ ရက်မှ ၁၇ ရက်အထိ ကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ လှလှထွေး



## မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခဲ့သော စံပြကွက် ဧက ၁၀၀ ရိတ်သိမ်း

ရန်ကုန် အောက်တိုဘာ ၁၀

သန်လျင်ခရိုင် ခရမ်းမြို့နယ် ခမတ်ကျေးရွာ မိုးစပါး seeder စံပြကွက် ဧက ၁၀၀ မှ တောင်သူ ဒေါ်အေးမူ၏ မှော်ဘီ (၃) မျိုးစပါးစိုက်ဧက ၉ ဒသမ ၇၇ အားစံကွက်ရိတ်သိမ်းရာ စပါးအစို ၁၆၄ ဒသမ ၀၁ တင်း၊ အခြောက် ၁၄၇ ဒသမ ၆၆ တင်းထွက်ရှိခဲ့ပြီး မောင်းမကျေးရွာမှ တောင်သူ ဦးတင်ထွေး၏ မှော်ဘီ (၃) စပါးမျိုး seeder စိုက်ဧက ၁၀ ဧကအား စံကွက်ရိတ်သိမ်းရာတွင် စပါးအစို ၁၈၂ ဒသမ ၃၆ တင်း၊ အခြောက် ၁၆၄ ဒသမ ၃၆ တင်းထွက်ရှိသည်။

အဆိုပါ စံကွက်ရိတ်သိမ်းရာသို့ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယတိုင်းဒေသကြီးဦးစီးမှူး ဦးတင့်နိုင်နှင့်အဖွဲ့၊ ခရိုင်အဆင့် စိုက်ကြပ်အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ကြပ်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်ရဲနှင့်အဖွဲ့ဝင်များ၊ ကျေးရွာတောင်သူများ တက်ရောက်အားပေးကြသည်။

ဆက်လက်၍ ဒုတိယတိုင်းဒေသကြီး ဦးစီးမှူးနှင့် စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးအဆင့် မြေ၊ မျိုး၊ ပိုး တာဝန်ခံများက ခရမ်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် တောင်သူဆွေးနွေးပွဲ ပြုလုပ်ခဲ့ရာ အဓိကသီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရန်နှင့် သီးနှံများတွင် ပိုးသတ်ဆေး သတ်မှတ်ခတ်ကြွင်းနှုန်းထားအောက် လျှော့ချနိုင်ရန်အတွက် နည်းပညာပေးဆွေးနွေးခြင်း၊ Ai Software အသုံးပြု၍ နည်းပညာရှာဖွေဖတ်ရှုနည်းကို တောင်သူများအား ပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)



## ကျောက်မဲမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းအပ်နှံမှု ဆက်လက်လက်ခံ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



နေပြည်တော် အောက်တိုဘာ ၁၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့ရှိ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းအား အောက်တိုဘာ ၈ ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ကျောင်းအပ်လက်ခံခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကျောင်းလာရောက်အပ်နှံမှုအနေဖြင့် ကျောင်းသား ကျောင်းသူ ၇၅၆ ဦး ထပ်မံကျောင်းအပ်နှံခဲ့သဖြင့် စုစုပေါင်းကျောင်းသား ကျောင်းသူ ၁၉၇၇ ဦး ကျောင်းတက်ရောက်လျက်ရှိပြီး တည်ငြိမ်အေးချမ်းလျက်ရှိသည့် ဒေသမှ ကျောင်းသား ကျောင်းသူများ နည်းတူ စာပေပညာများကို စိတ်အေးချမ်းသာစွာ ပညာသင်ကြားလျက်ရှိသည်။

အဆိုပါ ထပ်မံကျောင်းအပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနမှ အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ထောက်ပံ့ပစ္စည်းများကို တစ်ပါတည်း ပေးအပ်ကြပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက လိုအပ်သည်များ ဆောင်ရွက်ပေးကြသည်။

### ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်

ထို့ပြင် ကျောက်မဲမြို့သို့ ပြန်လည် ဝင်ရောက်လာသည့် ဒေသခံ ပြည်သူများအား အိမ်ထောင်စုစာရင်း တိုက်ဆိုင်စစ်ဆေးခြင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ပေးခြင်းတို့ကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနမှ တာဝန်ရှိသူများက ဆောင်ရွက်ပေးကြသည်။

ယင်းအပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျောက်မဲမြို့ပေါ်ရှိ ဌာနဆိုင်ရာရုံးများနှင့် အများပြည်သူသွားလာ နေထိုင်လျက်ရှိသည့် နေရာများတွင် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ဒေသခံပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများအတွက် ကျန်းမာရေးဝန်ကြီးဌာနနှင့် တပ်မတော်မှ ဆရာဝန်များ၊ သူနာပြုများ ပူးပေါင်း၍ ကျောက်မဲမြို့ လာဘမုနိ တရုတ်ဘုံကျောင်း၌ ယာယီဆေးရုံ ဖွင့်လှစ်ကာ ဆေးကုသပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပြင်ပလူနာ ၁၀၅ ဦးနှင့် ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာခြောက်ဦးတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# နိုင်ငံတော်က ဒီလိုပွဲမျိုး ကျင်းပပေးတဲ့အတွက် ရိုးရာယဉ်ကျေးမှုအမွေအနှစ်တွေ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်

အောင်ခန့်ဝင်း

(၂၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ပြည်ထောင်စုနယ်မြေအတွင်းရှိ သတ်မှတ်နေရာအသီးသီးတွင် ဆက်လက်ကျင်းပလျက်ရှိရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အုပ်ချုပ်သူနှင့် ပြိုင်ပွဲဝင်များအား တွေ့ဆုံမေးမြန်းထားသည်များကို ပြန်လည်ဖော်ပြပေးလိုက်ရပါသည်–


ဦးဖောရိုး (ခ) မန်းအဲချန်


မထန်ဆန်းနွမ်း


မောင်အောင်ခန့်ဝင်း


မောင်ဟိန်းဇေယျာ


မောင်ဝင်းမင်းခန့်


မမြင့်မြင့်အေး


ဒေါက်တာလှမေဦး


မောင်ကောင်းခန့်ဇော်


မောင်အောင်သူဟိန်း

**ဦးဖောရိုး (ခ) မန်းအဲချန်**

ပဲခူးတိုင်းဒေသကြီး စာပေယဉ်ကျေးမှု ကော်မတီဥက္ကဋ္ဌ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီးအဖွဲ့အနေနဲ့ ကျေးလက်ရိုးရာအကနဲ့ လာရောက်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ အမျိုးသား ၁၀ ဦး၊ အမျိုးသမီး ၁၀ ဦး စုစုပေါင်း ၂၀ လာရောက်ယှဉ်ပြိုင်တာပါ။ ပဲခူးတောင်ပေါ်ရိုးမ အိုးစည်အကနဲ့ ကရင်အကတွေ ပေါင်းစပ်ပြီး ကပြတာဖြစ်ပါတယ်။ နှစ်တိုင်းလာရောက်ယှဉ်ပြိုင်ဖြစ်ပါတယ်။ (၂၄)ကြိမ်မြောက် ဆိုကရေးတီးမှာ ဆုတံဆိပ်တွေ ရရှိခဲ့ပါတယ်။ တိုင်းရင်းသားတွေ အချင်းချင်း ရင်းနှီးချစ်ကြည်မှုကို ဖြစ်စေတဲ့ ဒီလိုပွဲမျိုးကို ဖြစ်မြောက်အောင် စီစဉ်ပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကို အများကြီး ကျေးဇူးတင်ရှိပါတယ်။ ဆက်လက်ပြီးလည်း မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေ မပျောက်ပျက်အောင်ထိန်းသိမ်း စောင့်ရှောက်နိုင်ဖို့အတွက် တစ်ထောင့်တစ်နေရာက ပါဝင်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။

**မထန်ဆန်းနွမ်း**
**ချင်းပြည်နယ်ကိုယ်စားပြု**
**တိုင်းရင်းသားရိုးရာ/**
**ကျေးလက်ရိုးရာ အကပြိုင်ပွဲဝင်**

ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်လိုတဲ့ ရည်ရွယ်ချက်နဲ့ ပြုလုပ်တဲ့ ဒီလိုပွဲကြီးမှာ ချင်းပြည်နယ် ကိုယ်စားပြုအနေနဲ့ ပါဝင်ယှဉ်ပြိုင်ခွင့်ရတဲ့အတွက် အင်မတန်မှ ဝမ်းသာဂုဏ်ယူမိပါတယ်။ အခုလို အဖွဲ့လိုက်ယှဉ်ပြိုင်ခဲ့တဲ့ သီချင်းရဲ့ ရည်ရွယ်ချက်ကတော့ တိုင်းရင်းသားတွေအချင်းချင်း လက်တွဲပြီးတော့မှ နိုင်ရာတာဝန်ကိုယ်စီ ဝိုင်းဝန်း ထမ်းဆောင်ကြမယ်ဆိုတဲ့ သဘောမျိုးပါ။ အခုက ပထမဦးဆုံးအကြိမ် ပါဝင်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ပါဝင်ကပြသူတွေကတော့ ၂၆ ယောက် ဖြစ်ပြီး အခုလိုမျိုး ယှဉ်ပြိုင်နိုင်ဖို့အတွက် တစ်လခွဲ၊ နှစ်လလောက် ပြင်ဆင်ချိန်ရရှိခဲ့ပါတယ်။ အခြေအနေပေးရင်ပေးသလို ဆက်လက်ဝင်ရောက် ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

**မောင်အောင်ခန့်ဝင်း**
**ကယားပြည်နယ်ကိုယ်စားပြု**
**တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အကပြိုင်ပွဲဝင်**

ကယားရိုးရာဖြစ်တဲ့ ဒီးခူပွဲတော်နဲ့ ပတ်သက်တဲ့ သီချင်းနဲ့ ပါဝင်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ကယားတိုင်းရင်းသားတွေရဲ့ ရိုးရာကို ပုံဖော်ရေးစပ်ထားတဲ့ သီချင်းပါ။ ဒီသီချင်းမှာ မိန်းကလေး ကိုးယောက်၊ ယောကျ်ားလေး ကိုးယောက် ပေါင်း ၁၈ ယောက်က ပါဝင်ယှဉ်ပြိုင်တာ ဖြစ်ပါတယ်။ ဒီလိုပွဲမျိုးက အခုမှ စတင်ဝင်ရောက် ယှဉ်ပြိုင်တာဖြစ်ပြီး ဆက်လက် ယှဉ်ပြိုင်သွားမှာပါ။ နိုင်ငံတော်က ဒီလိုပွဲမျိုး ကျင်းပပေးတဲ့အတွက် ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်နိုင်မယ်လို့ ယုံကြည်မျှော်လင့်မိပါတယ်။

**မောင်ဟိန်းဇေယျာ**
**အတီး(ဆိုင်းအဖွဲ့လိုက်)**
**စစ်ကိုင်းတိုင်းဒေသကြီး**
**ကိုယ်စားပြု**

ဒီပြိုင်ပွဲကြီးကို ဝင်ရောက်ယှဉ်ပြိုင်နိုင်ဖို့အတွက် နှစ်လလောက်အချိန်ယူ လေ့ကျင့်ပြင်ဆင်ခဲ့ရပါတယ်။ အသက်(၆)နှစ် (၇)နှစ်လောက်ကတည်းက ဆိုင်းတီးတာကို ဝါသနာပါခဲ့တာပါ။ အိမ်မှာလည်း အမြဲတမ်းတီးဖြစ်သလို အလှူပွဲတွေ ဘာတွေလည်း လိုက်တီးဖြစ်ပါတယ်။ အတီးနဲ့ပတ်သက်လို့ စန္ဒရားတို့ဘာတို့လည်း တီးခတ်သွားဖို့ ဆန္ဒရှိပါတယ်။

**မောင်ဝင်းမင်းခန့်**
**မန္တလေးတိုင်းဒေသကြီး**
**ကိုယ်စားပြု**
**အဆို (အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး တေးသီချင်း ပြိုင်ပွဲဝင်)**

အမျိုးဂုဏ်၊ ဇာတိဂုဏ်သီချင်းက ဒီနှစ်မှ စတင်ယှဉ်ပြိုင်တာပါ။ အဆင့်မြင့်ကာလပေါ်နဲ့ မဟာဂီတမှာ ရွှေရဖူးပါတယ်။ ၂၀၁၆ လောက်ကပါ။ စန္ဒရားနဲ့ ပြီးခဲ့တဲ့ (၂၅)ကြိမ်မြောက် ဆိုကရေးတီးမှာ ရွှေရခဲ့ပါတယ်။ ဒီနှစ်မှာလည်း ကြိုးစား ယှဉ်ပြိုင်သွားမှာပါ။ ဆိုကရေးတီးပြိုင်ပွဲတွေ ကျင်းပပေးနေသမျှ ဆက်လက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

**မမြင့်မြင့်အေး**
**ကချင်ပြည်နယ်ကိုယ်စားပြု**
**အဆို(အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေးတေးသီချင်းပြိုင်ပွဲဝင်)**

အရင်က မပြိုင်ဖူးပါဘူး။ ဒါက ပထမဆုံးအကြိမ် ယှဉ်ပြိုင်တာဖြစ်ပါတယ်။ အကောင်းဆုံးတော့ လေ့ကျင့် ပြင်ဆင်ထားပါတယ်။ အချိန်တစ်လနီးပါး လေ့ကျင့်ပြင်ဆင်ခဲ့ပါတယ်။ လက်ရှိကတော့ မြစ်ကြီးနားတက္ကသိုလ် တက်နေတာပါ။ ကျောင်းပြီးသွားရင်တော့ အဆိုဘက်ကို တစိုက်မတ်မတ် လုပ်ဆောင်သွားဖို့ရှိပါတယ်။ ညီမတို့လို မျိုးဆက်သစ်လူငယ်တွေအတွက် ဒီပြိုင်ပွဲကြီးကတစ်ဆင့် အခွင့်အလမ်းတွေ၊ အတွေ့အကြုံတွေရရှိစေပါတယ်။

**ဒေါက်တာလှမေဦး**
**(အုပ်ချုပ်သူ၊**
**ရန်ကုန်တိုင်းဒေသကြီး)**

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အောင်နိုင်ရေး ဦးစီးကော်မတီမှာ အဖွဲ့ဝင်အဖြစ် ဆောင်ရွက်နေပါတယ်။ ကိုယ်တိုင်က အဆိုတော်ဖြစ်တဲ့တွက် အဆိုဘာသာရပ်ကို အသေးစိတ်ပံ့ပိုးပြင်ဆင်ပေးပါတယ်။ (၂၆)ကြိမ်မြောက်အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲရဲ့ အဆိုပြိုင်ပွဲမှာ ရန်ကုန်တိုင်းဒေသကြီး အနေနဲ့ အဆင့်မြင့်အဆင့်မှာ ပြိုင်ပွဲဝင် ၄၇ ဦး၊ အခြေခံပညာအဆင့် ပြိုင်ပွဲဝင် ၁၀၇ ဦးနဲ့ ဘာသာရပ်အလိုက် ပြိုင်ပွဲအပြည့်ဝင်ရောက်ယှဉ်ပြိုင်နေကြပါတယ်။ ပြိုင်ပွဲဝင်များကို စခန်းသွင်း လေ့ကျင့်ခြင်းနဲ့ အုပ်ချုပ်မှုဆိုင်ရာတို့ကိုအဆင်ပြေချောမွေ့စေရေးအတွက် ကြိုတင်ပြင်ဆင်စီစဉ်ခဲ့ပါတယ်။ ကျွန်မအနေနဲ့ မျိုးဆက်သစ်ရွက်ပုံးသီးတွေ ဖော်ထုတ်တဲ့ပွဲကို စတုတ္ထအကြိမ်ကနေ အခု (၂၆) ကြိမ်မြောက်အထိ ဝါသနာပါတဲ့ အနုပညာအပေါ်မှာ အခြေခံပြီး တစ်ထောင့်တစ်နေရာကနေ ပါဝင်ကြိုးစားနေတာ ဖြစ်ပါတယ်။ အခုလို နှစ်စဉ်နှစ်တိုင်းကျင်းပပေးတဲ့အတွက် အနုသုခုမပညာကို မျိုးဆက်သစ် လူငယ်တွေက စိတ်ဝင်တစားနဲ့ ပိုမိုကြိုးစားလာတာကို တွေ့ရပါတယ်။ အခုဆိုရင် တိုင်းဒေသကြီး၊ ပြည်နယ်တွေရဲ့ ရိုးရာအကကို ထည့်သွင်းတဲ့အတွက် တိုင်းရင်းသားအချင်းချင်း ယဉ်ကျေးမှုဖလှယ်တဲ့ သဘော သက်ရောက်တယ်လို့ ထင်ပါတယ်။ စည်းလုံးခြင်း ရလဒ်လည်း ပိုမိုရရှိစေတယ်လို့ မြင်မိပါတယ်။ မျိုးဆက်သစ်လူငယ်တွေ အတွက်လည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေမှာရှိတဲ့ ရိုးရာဓလေ့နဲ့ အနုပညာတွေကို လေ့လာ သိရှိခွင့်ရတဲ့အတွက် ပိုပြီးတန်ဖိုးထား တတ်လာမယ်လို့ ထင်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်တိုင်းမှာရှိတဲ့ ရွက်ပုံသီးလေးတွေက အနုပညာလေ့ကားထစ်လေးတွေဖြစ်တဲ့ ဒီပြိုင်ပွဲကို နောက်နှစ်တွေမှာ ပါဝင်ယှဉ်ပြိုင်ကြပါလို့ တိုက်တွန်းချင်ပါတယ်။ ရိုးရာမပျက် ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းတဲ့အနေနဲ့ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နှစ်စဉ်ကျင်းပပေးတဲ့ နိုင်ငံတော် အကြီးအကဲတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**မောင်ကောင်းခန့်ဇော်**
**မန္တလေးတိုင်းဒေသကြီး**
**ကိုယ်စားပြု**
**ပတ္တလားပြိုင်ပွဲ**
**အခြေခံပညာအဆင့်(၁၅–၂၀)**

(၂၄)ကြိမ်မြောက်မှာ ဝင်ရောက်ယှဉ်ပြိုင်တာ ငွေတံဆိပ်ဆုရရှိခဲ့ပြီး (၂၅)ကြိမ်မြောက် ပြိုင်ပွဲမှာတော့ ရွှေတံဆိပ်ဆုရရှိခဲ့ပါတယ်။ ဒီနှစ်ကိုလည်း ရွှေတံဆိပ်ဆုရရှိဖို့ မျှော်မှန်းထားပါတယ်။ သီချင်းသုံးပုဒ်နဲ့ ကြိုတင်ပြင်ဆင်လေ့ကျင့်ခဲ့ပါတယ်။ နိုင်ငံတော်မှ ငွေကြေးကုန်ကျမှု များစွာရှိပေမယ့် လူငယ်မျိုးဆက်သစ်တွေ ပေါ်ထွက်လာအောင်၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေ မပျောက်ပျက်သွားအောင်၊ မြတ်နိုးတန်ဖိုးထား တတ်လာအောင်၊ ထိန်းသိမ်းမြှင့်တင်ပေးနိုင်ဖို့ ဒီလိုပြိုင်ပွဲကြီးကို စီစဉ်ကျင်းပပေးတဲ့အတွက် ကျေးဇူးတင်ရှိပါတယ်။

**မောင်အောင်သူဟိန်း**
**ရန်ကုန်တိုင်းဒေသကြီး**
**ကိုယ်စားပြု**
**စန္ဒရားအတီးအပြိုင်ပွဲ**
**အဆင့်မြင့်ပညာအဆင့်**

ပြိုင်ပွဲဝင်သီချင်းက "နက်ဖြန်သို့မဟုတ် ဘယ်သောအခါ" သီချင်းဖြစ်ပါတယ်။ ယှဉ်ပြိုင်နိုင်ဖို့ အကောင်းဆုံးကြိုးစား ပြင်ဆင်လေ့ကျင့်ခဲ့ပါတယ်။ စန္ဒရားတူရိယာကို ကိုယ်တိုင်နှစ်သက်မြတ်နိုးတဲ့အတွက် ငယ်စဉ်ကတည်းက တီးခတ်လေ့ကျင့်ခဲ့ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုတွေကို ကျွန်တော်တို့ လူငယ်တွေ မထိန်းသိမ်းရင် ပပျောက်သွားနိုင်တဲ့အတွက် နောင်မျိုးဆက်သစ်လူငယ် လူရွယ်တွေကိုလည်း ဆက်လက် ထိန်းသိမ်းသွားကြဖို့ အကြံပြုတိုက်တွန်း ပြောကြားချင်ပါတယ်။

**တွေ့ဆုံမေးမြန်း – လင်းရာမ**
**ဓာတ်ပုံ – ကိုထက်**

## စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
## ကုန်သွယ်ရေးဦးစီးဌာန
## ကုန်သွယ်မှုသင်တန်းကျောင်း(ရန်ကုန်)
## ပို့ကုန်လုပ်ငန်း စတင်လုပ်ကိုင်နည်းရက်တိုသင်တန်း
## (အမှတ်စဉ်–၁၅)
## သင်တန်းသားများခေါ်ယူခြင်း

(က) သင်တန်းကာလ – ၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက် မှ ၃၁ရက်နေ့ထိ
(ခ) သင်ကြားမည့်နေ့ရက်များ – တနင်္လာနေ့မှ သောကြာနေ့အထိ (၅) ရက်သင်တန်း
(ဂ) သင်တန်းအချိန် – နံနက် ၉:၀၀ နာရီမှ ညနေ ၁၆:၀၀ နာရီထိ
(ဃ) သင်တန်းသားဦးရေ – (၅၀) ဦး
(င) သင်တန်းတည်နေရာ – အမှတ် (၂၂၈–၂၄၀)၊ စတုတ္ထထပ်၊ ကမ်းနားလမ်းနှင့် ရွှေဘုံသာလမ်းထောင့်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
(စ) သင်တန်းဝင်ခွင့်လျှောက်လွှာနှင့်အတူပါရှိရမည့်စာရွက်စာတမ်းများ – ဓာတ်ပုံ ၁ လက်မပတ်လည် (၃)ပုံ၊ ဘွဲ့ (သို့) ၁၀ တန်းအောင်လက်မှတ်မိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ။
(ဆ) ဆက်သွယ်ရန်ဖုန်းနံပါတ် – ၀၉–၇၉၅၃၀၈၁၉၅၊ ၀၉–၄၄၂၃၄၃၈၀၊ ၀၁–၈၂၅၀၈၇၁

(သင်တန်းအား တစ်လလျှင်တစ်ကြိမ် ဖွင့်လှစ်သွားမည်ဖြစ်ပြီး လူကိုယ်တိုင် စာရင်းလာရောက်သွင်းနိုင်ပါသည်)

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၆) ရပ်ကွက်၊ ဇာတိမာန်လမ်း၊ အမှတ် (၄/၈၅–၈)၊ အလျား (၁၄.၅ပေ)x အနံ (၆၇x၇၀)ပေ အကျယ်ရှိ ဦးညွှန့်ဖူး [၁၂/မရက(နိုင်) ၀၅၆၈၅၁] အမည်ဖြင့် မှတ်သားတည်ရှိသည့် ဘိုးဘွားပိုင်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဝယ်ယူပိုင်ဆိုင် လက်ရှိဖြစ်လျက်ရှိကြောင်းနှင့် ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုသူ ဦးအောင်မြင့်မြတ် [၁၂/လမန(နိုင်) ၁၅၄၁၈၉]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်နီလာအောင်(LL.B., LL.M)** **ဦးညီနပ်( LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၇၇၂၅)** **အထက်တန်းရှေ့နေ (စဉ်–၂၉၃၆၁)**
**အမှတ်– ၄၈/၅၀(မြေညီ)၊ အခန်း(၁)၊ (၃၆)လမ်း(ရိပ်သာ)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း– ၀၉–၅၁၇၃၁၀၉၊ ၀၉–၄၂၀၁၂၂၁၈**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအနောက်ရပ်ကွက်၊ ခဝဲခြံ (၁)လမ်း၊ အမှတ် (၆၂၇) ဟုခေါ်တွင်သော မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အလျား(၁၆ပေ)x အနံ(၅၂ပေ) အကျယ်အဝန်းရှိ (၃)ခန်းတွဲ (၅)ထပ်တိုက် စုစုပေါင်း(၁၅)ခန်းရှိ ဒုတိယထပ် (Unit No–3A) ဆောက်လုပ်ဆဲတိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပူးတွဲ ဆက်စပ်ပါဝင်မည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ရီမီ [၁၂/အစန(နိုင်) ၀၁၆၂၀၂]ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေမှ ရောင်းဖိုးငွေများထဲမှ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် ရောင်းချခြင်းကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဝင်းဝင်းကြည်** **ဒေါ်တင်ဇာဦး**
**(B.A, H.G.P, R.L, B.R.E)** **(LL.B, D.B.L, D.S.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၂၆၄၆)** **တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၉၄၃)**
**အမှတ်– ၅၂၀၊ အဝေရာလမ်းသွယ်–၃၊ နံ့သာကုန်းရပ်ကွက်၊**
**အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၅၁၈၈၇၃၅၊ ၀၉–၄၅၁၂၃၀၉၃၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ်–( ၆၆၀)၊ ဦးပိုင်အမှတ်– (၉၀–က)၊ ၄၀ လမ်း၊ ၇၈x၇၉ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်ကျန်းမေရှန်း(ခ)ကျန်မေရှန်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၁၄၇/၂၀၂၅) ဖြင့် ဝယ်ယူခဲ့သူ ဦးကျော်ထက် [၉/မဟမ(နိုင်)၀၂၂၆၆၆] က အမှုတွဲအမှတ်(၀၃၅၂/ဘ(ပြောင်း)၂၀၂၅–၂၀၂၆)ဖြင့် ဘိုးဘ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ရတနာဘုမ္မိအရှေ့ရပ်ကွက်၊ အကွက်အမှတ်–( ၅၃၂ )၊ ဦးပိုင်အမှတ်– (၇၈–ခ)၊ ၃၈လမ်း၊ ၈၂x၈၃ လမ်းကြားရှိ ဘိုးဘမြေကွက် အမည်ပေါက်သူ ဒေါ်ပြားထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၁၄၆/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်အေးသိမ့်သိမ့် [၁၃/နမတ (ပြု) ၀၀၀၁၅၃]က အမှုတွဲအမှတ် [၀၃၅၃/ဘ(ပြောင်း)၂၀၂၅–၂၀၂၆]ဖြင့် ဘိုးဘ၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပန်းဘဲတန်းမြို့နယ်၊ သိမ်ကြီးဈေး(က+ခ)ရုံ၊ ရုံအမှတ်(က)၊ ဆိုင်အမှတ်(၅၁)၊ ဒေါ်စန်းရီ [၁၂/လမန(နိုင်)၁၁၀၇၅၉] အမည်မှ ဒေါ်သက်သက်မွန် [၁၂/ဥကမ (နိုင်) ၂၂၁၇၆၅]သို့ အမည်ပြောင်းလဲပေးရန် လျှောက်ထားလာသဖြင့် သက်ဆိုင်သူများအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဈေးများနှင့်ကုန်စည်ပွဲရုံများဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**ဈေးတာဝန်ခံဖုန်းနံပါတ်–၀၉၄၄၈၀၄၆၃၇၅**

## ဦးဟန်မြင့် [၁၂/အစန (နိုင်) ၀၃၇၂၁၄] သိစေရန် အကြောင်းကြားတောင်းဆိုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်– မြို့သစ်(က)၊ (က/၂)လမ်း၊ မြေကွက်အမှတ်– ၁၃၃၊ အကျယ်အဝန်း(၄၀x၆၀)ပေ၊ ဧရိယာ (၀.၀၅၅)ဧက အကျယ်ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် လူကြီးမင်း ဦးဟန်မြင့် အမည်ဖြင့် မှတ်သားတည်ရှိပြီး အမည်ပေါက်လျက်ရှိပါသည်။ လူကြီးမင်းထံမှ ကျွန်ုပ်၏မိတ်ဆွေများက အရောင်းအဝယ်ကတိစာချုပ်ဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူခဲ့ပြီး လက်ဝယ်ထားရှိပိုင်ဆိုင် စီမံခန့်ခွဲလျက်ရှိပါသည်။ ယခုအခါ အဆိုပါမြေကွက်နှင့်ယင်း မြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ကျွန်ုပ်၏မိတ်ဆွေများက အမည်ပြောင်းဆောင်ရွက်ရန်နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန်အတွက် လိုအပ်ပါသဖြင့် လူကြီးမင်းအား ဆက်သွယ်ရှာဖွေခဲ့သော်လည်း ဆက်သွယ်၍မရရှိခဲ့ပါ။ သို့ဖြစ်ပါ၍ လူကြီးမင်းအနေဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မှတ်ပုံတင်စာချုပ်ချုပ်ဆိုဆောင်ရွက်ပေးရန်အတွက် ကျွန်ုပ်အား အဆက်အသွယ်ပြုလုပ်ပေးရန် အကြောင်းကြားတောင်းဆို အပ်ပါသည်။ လူကြီးမင်းကို ဆက်သွယ်ရှာဖွေ၍မရသည့်အတွက် ယခုကဲ့သို့ သတင်းစာကြော်ငြာရခြင်းဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ကြည်ကြည်ထွေး (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၂၃၀၀)**
**အမှတ်– ၁၆/ခ၊ ရန်ကုန်လမ်း၊ (၆/၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း– ၀၉–၄၂၀၀၅၈၅၅၃၊ ၀၉–၇၉၉၄၆၆၉၅၄**

## "ကန့်ကွက်နိုင်ပါကြောင်း"

**ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၀)၊ လူနေရပ်ကွက်အမှတ်–(၃)၊ မြေကွက်အမှတ်–(၅၅)၊ အလျား(၂၅)ပေx အနံ(၄၉)ပေ၊ ဧရိယာ (၀.၀၂၈)ဧကရှိ ဦးမောင်ကြိုင် အမည်ပေါက် နှစ်( ၆၀ )ဂရန်မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော ၂ မြွာ၊ (၆)ထပ်တိုက်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၃)ရပ်ကွက်၊ ခိုင်ရွှေဝါ(ဗဟို)လမ်း၊ အမှတ်(၅)၊ တတိယထပ်၊ ခေါင်းရင်းခန်း၊ အခန်းအမှတ် (၄/A) ဟုခေါ်တွင်သော တိုက်ခန်းနှင့် ယင်းတိုက်ခန်း၏ နေထိုင်သုံးစွဲခွင့်အပါအဝင် ရေမီးအစုံ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့ကို ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းရှင်း၍ တရားဝင်ပိုင်ဆိုင်၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ခံကတိပြုသူ **ဒေါ်အေမီလွင်** [၁၂/မရက(နိုင်) ၀၁၄၇၃၇] ကိုင်ဆောင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးစရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါပစ္စည်း အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤပစ္စည်း အရောင်းအဝယ်ပြုလုပ်ခြင်းအား ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခိုင်ခိုင်ဦး LL.B., LL.M.**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၂၈၂/၁၃–၉–၁၂)**
**အမှတ်–၅၅၊ ဒုတိယထပ်၊ အခန်း–၆၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၈၅၁၈၇၅၂၆**

## ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၁၈
## အလုံခရိုင်တရားရုံး
## ၂၀၂၅ ခုနှစ်၊ တရားမအထွေထွေမှုအမှတ် – ၆၇
## ကွယ်လွန်သူဒေါ်ကြင်နု၏ကျန်ရစ်သောပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

ဒေါ်အေးအေးမြင့်(၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးဝင်းထိန်) လျှောက်ထားသူ

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်း(တောင်)ရပ်ကွက်၊ ရတနာလမ်း၊ အမှတ်–၂၅၊ (ယခင်)ကြည့်မြင်တိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၂၉စီ၊ မြေကွက်အမှတ်–၄/ခ၊ ဧရိယာ(၀.၁၆၅)ဧက အနက်မှ မိခင်ကြီးပိုင်ဆိုင်နေထိုင်ခဲ့သော (၈၀ပေx၄၄ပေ)အား ကွယ်လွန်သူမိခင်ကြီး ဒေါ်ကြင်နု၏ ကျန်ရစ်သောပစ္စည်းများအပေါ် အမွေထိန်းစာထုတ်ပေးပါမည့်အကြောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ၁၀၇ ရပ်ကွက်၊ ရောမင်း(၈)လမ်း၊ အမှတ်–(၁၃၇၂)၌ နေထိုင်သော ဒေါ်အေးအေးမြင့် (၎င်း၏ အခွင့်ရကိုယ်စားလှယ် ဦးဝင်းထိန်)က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားလာသဖြင့် ဤအမှုကို ၂၀၂၅–ခုနှစ်၊ အောက်တိုဘာလ(၁၇)ရက် (၁၃၈၇–ခုနှစ်၊ သီတင်းကျွတ်လဆုတ်– ၁၁ ရက်နေ့) နံနက် (၁၀:၀၀)နာရီအချိန်တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ကွယ်လွန်သူ ဒေါ်ကြင်နု ကျန်ရစ်သောပစ္စည်းအပေါ်တွင် အကျိုးစီးပွားသက်ဆိုင်သည့် အဆိုရှိသူတို့အား အဆိုပါအမှုတွင် လာရောက်ဆိုင်ဆိုရန် သင့်လျော်သည်ဟု ထင်မြင်လျှင်ဆိုခဲ့သော ၂၀၂၅–ခုနှစ်၊ အောက်တိုဘာလ (၁၇)ရက် (၁၃၈၇–ခုနှစ်၊ သီတင်းကျွတ်လဆုတ်– ၁၁ ရက်နေ့) နံနက် (၁၀:၀၀)နာရီအချိန်တွင် မိမိကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်မထုတ်ပေးမီ မှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ၂၁၈ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်က ဒေါ်အေးအေးမြင့် (၎င်း၏အခွင့်ရ ကိုယ်စားလှယ် ဦးဝင်းထိန်)၏ လျှောက်ထားချက်အပေါ်စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်သည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ဦးဘသောင်း)**
**ဒုတိယခရိုင်တရားသူကြီး(၁)**
**အလုံခရိုင်တရားရုံး**

## နေပြည်တော်ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များ အသင်းနှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံအခမ်းအနား ဖိတ်ကြားခြင်း

NAY PYI TAW CONSTRUCTION NPTCEA ENTREPRENEURS ASSOCIATION

နေပြည်တော်ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း နှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံနှင့်ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို အောက်ပါအစီအစဉ်များအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသားတိုင်း တက်ရောက်ချီးမြှင့်ပေးကြပါရန် ဖိတ်ကြားအပ်ပါသည်–

ကျင်းပမည့်နေ့ရက် – ၁၆–၁၁–၂၀၂၅ (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် – နံနက် (၁၀ : ၀၀) နာရီမှ (၁၂ : ၀၀) နာရီ ထိ
ကျင်းပမည့်အကြောင်းအရာ – နှစ်ပတ်လည်အသင်းသားစုံညီ ညီလာခံနှင့် ရွေးချယ်တင်မြှောက်ခြင်း
ကျင်းပမည့်နေရာ – မင်္ဂလာသီရိဟိုတယ်၊ နေပြည်တော်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**
**နေပြည်တော်ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ မြေကွက်အမှတ် (၂၇၃/ခ)၊ လူနေရပ်ကွက်အမှတ် (ပန်းခြံ– ၁၄၊ ဏ/၁၄)ရပ်ကွက်၊ မိုးမခလမ်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဒေါ်အုံးရီ အမည်ဖြင့် ထွက်ရှိထားသော ပါမစ်မြေအမျိုးအစား (အလျား ၂၀x အနံ ၆၀)ပေထဲမှ ခွဲစိတ်၍ မြေကွက်အမှတ်(၂၇၃/က)နှင့် ကပ်လျက်ဘက်အခြမ်း (အလျား ၁၀x အနံ ၆၀)ပေ၊ ပါမစ်မူရင်းနှင့်တကွ တစ်ထပ်တိုက် (၁)လုံး ရေ၊ မီးအစုံအပါအဝင် ယင်းအိမ်မြေ၏ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးသီဟအောင် [၁၂/ရပသ(နိုင်)၀၇၅၇၉၂]က တရားဝင်နေထိုင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ဇင်မာအေး [၉/ပကခ(နိုင်)၀၇၈၆၉၁]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအား စရန်ငွေပေးအပ်ထားပြီး ဖြစ်ပါသဖြင့် အဆိုပါ အိမ်ခြံမြေအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မာအေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထူးသဉ္ဇာဦး(LLB, CBL, DBL) (DL – 101 WIPO Switzerland) တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၆၄၈၃)**
**အမှတ်– ၃၂၀၊ ဘုရင့်နောင်လမ်း၊ (၃၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၄၀၄၄၁၀၀၇၀၊ ၀၉–၇၈၇၀၈၀၃၃၇**

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြို့ပတ်လမ်း၊ မြေကွက်အမှတ် (၁၇၂/က–ခ)၊ အကျယ်အဝန်း(၄၀'x၆၀')ရှိ ဦးတင်အေးနှင့်ဦးထွန်းကြည် အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (၂၀'x၆၀')၊ မြေကွက်အမှတ် (၁၇၃)နှင့်ကပ်လျက်၊ ဦးထွန်းကြည်အမည်ပေါက်ဘက်အခြမ်းရှိ မြေကွက်နှင့်ယင်း မြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အများသိစေရန် ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ဝယ်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလာသူ ဦးစန်းဦး [၁၂/သကတ(နိုင်)၀၃၈၄၂၅] ကိုင်ဆောင်သူက မိမိသာလျှင် တရားဝင်လက်ဝယ်ပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသန်းဦး [၉/မရမ (နိုင်)၀၀၄၄၇၀] ကိုင်ဆောင်သူက အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ–**

**ဒေါ်စိမ့်ဇာဦး(မြောင်းမြ) (LL.B) (D.B.L) (D.M.L) (D.I.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၉၀၈၁)**
**အမှတ်(၁၁၂၈)၊ သရဖီ(၇)လမ်း၊ (၃၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၅၄၀၁၀၄၈**

## မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်ခရိုင်၊ ရွှေကျင်မြို့နယ်၊ အ.ထ.က(တပ်နယ်)ကျောင်း Grade–11 မှ မဆောင်းနှင်းဖြူ၏ မိဘအမည်မှန်မှာ ဦးမင်းဇော်ဦး [၇/ရကန (နိုင်) ၀၄၀၇၄၁]နှင့် ဒေါ်စန်းစန်းထွေး [၇/ရကန (နိုင်) ၀၃၇၆၀၆] ဖြစ်ပါကြောင်း။

**ဦးမင်းဇော်ဦး– ဒေါ်စန်းစန်းထွေး**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဂ)ရပ်ကွက်၊ အကွက်အမှတ် (အ–၈)၊ ဦးပိုင်အမှတ်– (၄)၊ ၆၄x ၆၅ ကြား၊ ၁၁၈x၁၁၉ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးဝင်းမြင့်အောင်၊ ဒေါ်ခင်စန်းဝင်းတို့ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၈၁၅/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးမောင်ဖေ [၈/ဂဂန (နိုင်) ၀၄၁၁၈၉]က အမှုတွဲအမှတ် (၂၈၈၄/၂၀၂၅–၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်းလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ**

## "ကန့်ကွက်နိုင်ပါကြောင်း"

**နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ မြသော်တာ(၁)လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁/ဟိုတယ်ဇုန် အရှေ့ရပ်)၊ လူနေရပ်ကွက်အမှတ် (ဒက္ခိဏသီရိ )၊ မြေကွက်အမှတ်(A–159 )၊ ဧရိယာ (၀.၂၂၉)ဧက၊ အလျား (၁၀၀)ပေx အနံ(၁၀၀)ပေရှိ ဒေါ်ကေသီစိုး အမည်ပေါက် နှစ်(၃၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံး**တို့ကို ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ တရားဝင်ပိုင်ဆိုင်၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ခံကတိပြုသူ **ဒေါ်အင်ကြင်းဖြိုး [၈/ပမန(နိုင်)၀၉၇၀၉၈] ကိုင်ဆောင်သူ**ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးစရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါပစ္စည်း အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤပစ္စည်းအရောင်းအဝယ်ပြုလုပ်ခြင်းအား ပြီးဆုံးအောင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဝယ်သူ၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်ခိုင်ခိုင်ဦး LL.B, LL.M.**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၈၂၈၂/၁၃–၉–၁၂)**
**အမှတ်–၅၅၊ ဒုတိယထပ်၊ အခန်း–၆၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း–၀၉–၇၈၅၁၈၇၅၂၆**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ချမ်းမြသာယာရပ်ကွက်၊ အကွက်အမှတ်–( ယ– ၁၀ )၊ ဦးပိုင်အမှတ်– (၁–င/၇)၊ ၇၅(အေ)လမ်း၊ ၁၁၂x၁၁၃ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခင်သန်းမြင့်ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၂၁၇/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ဟန်စုယဉ် [၈/မထန(နိုင်)၀၀၀၆၀၈]က အမှုတွဲအမှတ် (၂၈၈၃/၂၀၂၅–၂၀၂၆)ဖြင့် သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ခေတ်မီအဆင့်မြင့်သုမင်္ဂလာဈေး(ညံ့တောဈေး)၊ ပြင်ဦးလွင်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၂)၊ ပြင်ဦးလွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ခေတ်မီအဆင့်မြင့် သုမင်္ဂလာဈေး (ညံ့တောဈေး)ရှိ ဆိုင်ခန်းများအား အမျိုးအစားအလိုက်၊ နေရာအလိုက် တင်ဒါစနစ်ဖြင့် ငှားရမ်းပေးရန် (၁၉-၉-၂၀၂၅) ရက်နေ့မှ (၁၀-၁၀-၂၀၂၅)ရက်နေ့အထိ ပြင်ဦးလွင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရုံးတွင် တင်ဒါတင်သွင်းရန် နိုင်ငံပိုင်သတင်းစာများတွင် ကြော်ငြာခဲ့ပြီး ဖြစ်ပါသည်။

၂။ ဆိုင်ခန်းများကို တစ်ဦးချင်းသော်လည်းကောင်း၊ အထပ်လိုက်သော် လည်းကောင်း၊ စုပေါင်း၍သော်လည်းကောင်း ငှားရမ်းနိုင်ရေး - တင်ဒါ တင်သွင်းမည့်ရက်အား (၁၇-၁၀-၂၀၂၅) ရက်နေ့၊ အချိန် (၀၉:၀၀)နာရီမှ (၁၇:၀၀)နာရီအထိ တိုးမြှင့်သတ်မှတ်ခဲ့ပြီး ပြင်ဦးလွင်မြို့နယ် စည်ပင် သာယာရေးအဖွဲ့ရုံးသို့ ထပ်မံတင်သွင်းနိုင်ပါသည်။ အသေးစိတ်အချက် အလက်များကို သိရှိလိုပါက ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းနံပါတ် ၀၉-၅၀၃၇၆၉၉ သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဦးစီးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၈)၊ မြေကွက်အမှတ်(၃၂၀)၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိဦးဗိုလ်ဖြူ [၁၂/ဥကမ(နိုင်)၀၀၆၀၁၅] အမည်ပေါက်မြေချပါမစ်မြေကွက်နှင့် ယင်းမြေကွက်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချသူ ဒေါ်သဇင်အောင် [၁၂/တမန(နိုင်)၀၉၈၂၀၂] မှ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ ကာလက်ဝယ်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချခွင့်ရှိကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူ ဒေါ်နှင်းဝတ်ရည်[၁၂/လမန(နိုင်)၁၄၆၆၁၉]က စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။အဆိုပါအရောင်းအဝယ်နှင့် ပတ်သက်၍အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါကဤကြော်ငြာပါသည့်နေ့မှစ၍(၇)ရက်အတွင်းတိကျ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက် သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများ သိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်နှင်းဝတ်ရည် [၁၂/လမန(နိုင်)၁၄၆၆၁၉] ၏လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်အေးမင်းမင်းသိမ့် (LL.B,D.B.L,D.I.L,D.M.L)** **ဒေါ်အိအိနိုင် (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇) အထက်တန်းရှေ့နေ(စဉ်-၄၉၂၇၃ )**

**အမှတ်-(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ (၅)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၁၉၃၂**

## အများသိစေရန်ကြေညာခြင်း

သန်လျင်မြို့၊ မြို့ဟောင်းအရှေ့ရပ်ကွက်နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ချိုသက်စုဦး [၁၂/ကမရ (နိုင်) ၀၅၅၉၅၈]ကိုင်ဆောင်သူနှင့် ဦးအောင် ကိုထက် [၁၂/စခန (နိုင်) ၀၅၉၀၄၉]ကိုင်ဆောင်သူတို့သည် ၈-၁၀-၂၀၂၅ ရက်နေ့တွင် နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီး ပစ္စည်းခန်း ခွဲဝေပြီးစီး သည့်အတွက် နောက်နောင် ဦးအောင်ကိုထက်နှင့် ဒေါ်ချိုသက်စုဦးတို့သည် ပတ်သက်ဆက်နွှယ်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြော်ငြာအပ် ပါသည်။

**ဒေါ်ချိုသက်စုဦး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ခိုင်မို့မို့ထွန်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၂၃၆/၄-၁၀-၂၀၂၂)**
**တိုက်(၃၃)၊ အခန်း(၃၀၄)၊ ၁၀လမ်း(စီ)၊ ယုဇနဥယျာဉ်မြို့တော်။**
**ဖုန်း-၀၉-၄၂၀၁၉၈၈၇၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ်-၁၅/တပင်ရွှေထီး ရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ တကကသူရ (ကိုယ်ပိုင်အမှတ်-၅၀၄၂၃၅)၊ မှတ်ပုံတင်အမှတ် [၇/တငန(နိုင်)၁၃၇၅၄၁]၊ အဖအမည် ဦးသာဒွေး အမည် ပေါက် ပါမစ်မြေကွက်အမှတ်-ပစ(င) ၄၂၉၈အမည်ပေါက် (ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်အေးညို မှတ်ပုံတင်အမှတ် [၉/မနမ (နိုင်) ၀၆၀၈၈၀]၊ အဖအမည် ဦးယူကျင်ဆမ်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးသွင်းချလန်မိတ္တူ၊ တကက သူရ သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အဦပုံများတင်ပြ ပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း များ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံ ခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာ ရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထား လာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက် သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်-၂/မြောက်၊မြေကွက်အမှတ်-၃၈၈/က၊ဧရိယာ (၂၀'x၆၀')၊ မြေကွက် တည်နေရာအမှတ်-၃၈၈/က၊ ထူပါရုံ(၂၁) လမ်း၊ ၂/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ဒေါ်မြင့်မြင့်သိန်း(TKA-၀၃၄၉၂၁) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက်ဒေါ်မြင့်မြင့်သိန်း(မိခင်) နှင့် ဦးမောင်ပွား(ဖခင်)တို့ကွယ်လွန်သဖြင့် သမီးဖြစ်သူ ဒေါ်အေးမြတ်မော် [၁၂/ မဂတ(နိုင်)၁၀၀၉၃၈] မှမိမိတစ်ဦးတည်းကသာလျှင် တရားဝင်အမွေဆက်ခံ ပိုင်ဆိုင်ပါကြောင်း ကျိန်ဆိုထားသည့်တရားရုံးကျမ်းကျိန်လွှာ၊ ထောက်ခံကျမ်းကျိန် လွှာ (၂)စောင်၊ဂရန်မူရင်း၊နိုင်ငံသားစိစစ်ရေးကတ်ပြား၊ ဦးမောင်ပွား(ဖခင်)နှင့် ဒေါ်မြင့်မြင့်သိန်း(မိခင်)တို့၏သေဆုံးမှုလက်မှတ်၊ အိမ်ထောင်စုလူဦးရေစာရင်း တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့်ကန့်ကွက်မှု မရှိပါကလုပ်ထုံးလုပ်နည်း အတိုင်းဆက်လက်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်းအသိပေးကြေညာအပ်ပါ သည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကျိုက်ခေါက် ဘုရားလမ်း၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်းအတွင်းရှိ City Loft Condo၊ တိုက်အမှတ် (CL-11)၊ အခန်း အမှတ် (၄၁၆)၊ အခန်း အမျိုးအစား Type (1BR) ဟုခေါ်တွင်သော အကျယ်အဝန်း (၄၈၄) ပေရှိ ကွန်ဒိုတိုက်ခန်း (၁)ခန်း နှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ် တပ်ဆင်ထားသော ရေ၊ မီးအစုံ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို ဦးကျော်ဇင်လတ် [၁၂/သဃက(နိုင်) ၁၄၈၈၄၂]၊ ဒေါ်ရွှေဇင်ဝင်း [၁/မကတ(နိုင်)၀၇၀၉၁၉] တို့မှ အမည်ပေါက် ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်သဲ သဲဦး [၆/မမန(နိုင်)၁၈၅၆၄၆]က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ် တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စ နှင့် ပတ်သက်၍ ကန့်ကွက်လိုသူ များရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ် စာတမ်း (မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက် သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထွန်းသူအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၇၆၄)**
**အမှတ်-၁၁၅၊ ပထမထပ်၊ (၃၃) လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၈၀၀၅၄၀၆၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ မြို့ဟောင်းအနောက်ရပ်ကွက်၊ ကျိုက်ခေါက် ဘုရားလမ်း၊ ကြယ်စင်မြို့တော် အိမ်ရာစီမံကိန်းအတွင်းရှိ City Loft Condo၊ တိုက်အမှတ် (CL-9)၊ အခန်းအမှတ် (၂၁၀)၊ (၂-လွှာ)၊ အခန်းအမျိုး အစား Type (Studio)၊ ဟုခေါ်တွင်သော အကျယ်အဝန်း (၄၈၄) ပေရှိ ကွန်ဒို တိုက်ခန်း (၁)ခန်းနှင့် ယင်းတိုက်ခန်းတွင် တွယ်ကပ်တပ်ဆင်ထားသော ရေ၊ မီး အစုံ အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ် အားလုံးတို့ကို ဒေါ်စိမ့်စိမ့်အေး [၇/ပမန (နိုင်) ၀၆၉၃၃၇] မှ အမည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ပြောဆိုဝန်ခံသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မင်းလတ် [၈/မလန (နိုင်) ၀၅၄၀၃၄] က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူ များ ရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာချုပ် စာတမ်း (မူရင်း)များဖြင့် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေ နှင့်အညီ ပြီးမြောက် သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးထွန်းသူအောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၇၆၄)**
**အမှတ်-၁၁၅၊ ပထမထပ်၊ (၃၃) လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၇၈၀၀၅၄၀၆၀**

## "ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- (၁၅)၊ သဇင်လမ်း၊ မြေကွက်အမှတ် (၅၈၉)၊ အကျယ်အဝန်း (အလျား၄၀ပေxအနံ၆၀ပေ) အနက်မှ လမ်းမှမြေကွက်အားမျက်နှာမူကြည့်လျှင် - (ဘယ်ဘက်အစွန်းဆုံးအကွက်)၊ အကျယ်အဝန်း (အလျား၁၀ပေ x အနံ၆၀ပေ)ရှိ ပါမစ်အမျိုးအစားမြေကွက်နှင့် အဆိုပါ မြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးညိုထွန်း [၁၂/ဥကမ(နိုင်)၀၉၆၆၅၇] အမည်ပေါက်ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်အကျိုးခံစားလျက် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းကို [၁၂/ဥကတ(နိုင်)၁၃၀၈၇၀]ထံသို့ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူဦးခင်မောင်မောင် [၁၂/ ရကန(နိုင်)၀၂၈၈၃၂]ကဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်မည့် ရောင်းဖိုး ငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အထက် ဖော်ပြပါ မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့် အရပ်ရပ်နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခွင့်ရှိသည့်ဆိုပါက မည်သူမဆို အထောက် အထား ခိုင်မာစွာဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍(၁၀)ရက် အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ် ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယမင်းလတ် (LL.B, D.B.L, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၈၅၆၄/၂၀၁၂)**
**အမှတ်(၉/၁၁)၊ ပထမထပ်(၁၀၃-H)၊ ၃၆လမ်းတို၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း - ၀၉-၇၈၆၅၄၄၉၀၀၊ ၀၉-၅၁၈၁၂၁၀**

## သားအဖြစ်မှ တရားဝင်အမွေပြတ် စွန့်လွှတ်ခြင်းအား ပြန်လည်ရုပ်သိမ်းခြင်း"

ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ (အဖ) ဦးကြည်သန်း ကျော် (အမိ) ဒေါ်နန်းမြင့်သီတာတို့မှ သားဖြစ်သူ မောင်ထက် နိုင်ဝင်းအား (၁၀-၁၀-၂၀၁၇) နေ့စွဲပါ သတင်းစာ၌ သား အဖြစ်မှ တရားဝင်အမွေပြတ် စွန့်လွှတ်ခြင်းအား ကြော်ငြာခဲ့ ပါသည်။ ယခုအခါ သားဖြစ်သူ မောင်ထက်နိုင်ဝင်းအား ကြေညာထားသည့် "သားအဖြစ်မှ တရားဝင်အမွေပြတ် စွန့်လွှတ်ခြင်း" ကို အပြီးတိုင် ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း အများသိစေရန် ကြေညာလိုက်ပါသည်။

**(အဖ) ဦးကြည်သန်းကျော်** **(အမိ) ဒေါ်နန်းမြင့်သီတာ**
**[၁၀/မလမ(နိုင်)၀၆၉၇၈၆]** **[၁၁/ပဏတ(နိုင်)၀၀၁၇၇၂]**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာနွယ်စဉ်ရပ်ကွက်၊ အကွက် အမှတ်(၆၉၆)၊ ဦးပိုင်အမှတ်(၅-ဃ)၊ ၇၃လမ်း၊ ၃၇x၃၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ခေါန်မိုင်၏ (SP ရရှိသူ ဒေါ်သီတာကျော်) ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ်(၂၀၅၃/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်နန်းခမ်းဆောင် [၉/မရမ(နိုင်)၀၁၆၉၂၃]၊ ဦးစိုင်းခမ်းဆူးလိုင် [၉/မရမ (နိုင်)၀၇၈၈၁၄]တို့က အမှုတွဲအမှတ်(၂၈၉၄/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း၊ ခွဲကျန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက် အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄) ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ညောင်တုန်း မြို့နယ်၊ အမက (အေးရွာ)ကျောင်းမှ ဒု-မူလတန်းပြ ဆရာမ ဒေါ်ဆုမြတ်ဝေ [၁၄/ ညတန(နိုင်)၁၇၁၈၄၃] ကိုင်ဆောင် သူနှင့် ဒေါ်စုမြတ်ဝေတို့သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ဆုမြတ်ဝေ(ခ) ဒေါ်စုမြတ်ဝေ**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေ မြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ်(မ-၆၄/၁)၊ ဦးပိုင် အမှတ်(၂-က)၊ ၃၇(ဘီ)လမ်း၊ ၅၃x၅၄ လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သော ဒေါ်ခင်စိန် [၉/မမန(နိုင်) ၀၇၇၉၁၈]၊ ဦးမောင်ရွှေ [၉/ မမန(နိုင်)၀၀၀၄၉၅]တို့က အမှုတွဲအမှတ် (၂၉၁၃/၂၀၂၅- ၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည် မြို့နယ်၊ ကံသာယာရပ်ကွက်၊ အကွက်အမှတ်(ဆဆ-၂)၊ ဦးပိုင် အမှတ်(၁၁)၊ ၁၀၆(ဘီ) လမ်း၊ ၅၈x၅၉ လမ်းကြားရှိ ဂရန် မြေကွက်အမည်ပေါက်သူ ဦးခင် မောင်မြင့်၏ (SP ရရှိသူ ဒေါ်နွယ် နွယ်ဝင်း)ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ်(၂၂၀၈/ ၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးသိန်း သန်း [၅/ငဇန(နိုင်)၀၇၀၅၂၉]က အမှုတွဲအမှတ်(၂၉၀၆/၂၀၂၅- ၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည် မြို့နယ်၊ မြို့သစ်-၃ ရပ်ကွက်၊ အကွက်အမှတ်(ဈ-၄)၊ ဦးပိုင် အမှတ်(၉၅)၊ ၆၁(ဘီ)လမ်းနှင့် ၁၀၉ လမ်းထောင့်ရှိ ဂရန်မြေ ကွက်အမည်ပေါက်သူ ဒေါ်ကြည် ကြည်ခိုင်ထံမှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ်(၂၄၃၅/ ၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဦးစု တင်လင်း(ခ)ကိုကိုအောင် [၅/ မရန(နိုင်)၀၃၃၁၀၈]က အမှုတွဲ အမှတ် (၂၉၁၁/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာ ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များ၊ မှတ်ပုံတင်စာချုပ်စာတမ်း များ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင် ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်- ၇၂ ၊ ခွာညိုလမ်း၊ မြေကွက်အမှတ်- ၂၇၈/ခ၊ အကျယ်အဝန်း(၂၀× ၆၀)ပေရှိ ဦးမျိုးစိန် အမည်ပေါက် ပါမစ်မြေကွက် နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသောနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ထံမှ အရောင်း အဝယ်ကတိစာချုပ်အဆက်စပ်ဖြင့်ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးစံလင်းထက် (၁၂/ဒဂတ(နိုင်) ၀၉၉၀၀၀)ကဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးချမ်းငြိမ်းအေး(၁၂/ဗတထ(နိုင်) ၀၃၉၇၀၈) က အပြီးအပိုင်ဝယ်ယူရန်အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်း များဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှ ကျော်လွန်ပါက ဥပဒေနှင့်အညီအရောင်း အဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - **ဒေါ်အေးပွင့်ဖြူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၉၁)**
**အမှတ်- ၄၉၄၊ ငမိုးရိပ်(၅)လမ်း၊ ငမိုးရိပ်ရပ်ကွက်၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၊ ၀၉၄၃၁၅၃၃၁၀**

## ဦးမောင်မောင် (အေဘီ-၀၀၃၉၁၃)သိစေရန် အကြောင်းကြားတောင်းဆိုခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်- ၃၁၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ်- ၃၂၉ ၊ အကျယ်အဝန်း (၄၆/၄၅x ၆၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုး ခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတွင် လူကြီးမင်း ဦးမောင်မောင်အမည်ဖြင့် မှတ်သားတည်ရှိ အမည်ပေါက်လျက်ရှိပါသည်။ လူကြီးမင်းထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများက အရောင်းအဝယ်ကတိစာချုပ်ဖြင့် အပြီး အပိုင် လွှဲပြောင်းဝယ်ယူခဲ့ပြီး လက်ဝယ်ထားရှိပိုင်ဆိုင် စီမံခန့်ခွဲလျက်ရှိပါသည်။ ယခု အခါ အဆိုပါမြေကွက်နှင့်ယင်း မြေကွက်ပေါ်ရှိ အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ကျွန်ုပ်တို့၏မိတ်ဆွေများက အမည်ပြောင်းဆောင်ရွက်ရန် နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးရန်အတွက် လိုအပ်ပါသဖြင့် လူကြီးမင်းအား ဆက်သွယ် ရှာဖွေခဲ့သော်လည်း ဆက်သွယ်၍မရရှိခဲ့ပါ။ သို့ဖြစ်ပါ၍ လူကြီးမင်းအနေ ဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း မှတ်ပုံတင်စာချုပ် ချုပ်ဆိုဆောင်ရွက် ပေးရန် အတွက်ကျွန်ုပ်တို့အား အဆက်အသွယ်ပြုလုပ်ပေးရန် အကြောင်းကြားတောင်းဆို အပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆို ရန်အတွက် တရားစွဲဆို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လူကြီးမင်းအား အသိပေး အကြောင်းကြား ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ကြည်ကြည်ထွေး (LLB, D.B.L) (စဉ်- ၁၂၃၀၀)** **ဒေါ်အေးပွင့်ဖြူ (LL.B) (စဉ်-၁၂၃၉၁)**

**တရားလွှတ်တော်ရှေ့နေများ**
**ဖုန်း - ၀၉ ၄၃၁၅၃၃၁၀ ၊ ၀၉ ၄၂၀၀၅၈၅၅၃**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက် (အောင်ချမ်းသာ တိုးချဲ့ အပိုင်း-၄၊ ဗိုလ်ချုပ်ကျေးရွာအုပ်စု) တော်ဝင်(၁၇)လမ်း၊ မြေကွက်အမှတ် H-၂၄ ဟုခေါ်တွင်သော ဧရိယာ အကျယ်အဝန်း(၄၀x၆၀)ပေ ဒေါ်စန်းစန်းရီ အမည်ပေါက် (စလစ်)မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသောခြေရင်း မြေကွက် H-၂၅နှင့်ကပ်လျက်ခြမ်း (၂၀x၆၀)ပေ မြေကွက်နှင့်အိမ်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကိုဒေါ်ဖြူဖြူထွေး [၁၂/သလန(နိုင်)၁၀၅၈၂၀] က ရောင်းချ ပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းကင်းရှင်းကြောင်းဝန်ခံသဖြင့် ကျွန်ုပ်မိတ်ဆွေ ဒေါ်သူသူအောင် [၁၂/လသယ(နိုင်)၀၄၃၅၀၅]မှ မြေကွက်နှင့်အိမ်တန်ဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာ ပါသည့်နေ့မှ(၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်ကို ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်မည်ဖြစ်ပါ ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဟေမာန်အောင် (LL.B, W.I.P.O)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၂၉၆၈/၁၇)**
**၂၆-သတိပဋ္ဌာန်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**Ph-09-421009003**

## ကန့်ကွက်နိုင်ပါသည်

